


အတွဲ (၂) အမှတ် (၂)

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ( ၃၀ ) ရက်

## ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက်




“ဒေသတွင်းခရီးသွားများဝင်ရောက်မှုများပြားခြင်းဖြင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသသို့ လာရောက်သူများ စိတ်ချမ်းမြေ့မှုရှိစေရေး မြို့ရွာများ သန့်ရှင်းသာယာလှပစေရန် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ ခရီးသွားများ လာရောက်မှု ပိုမိုများပြားပြီး ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများတွင် ဝန်ဆောင်မှု လုပ်ငန်းသည်လည်း ပါဝင်သဖြင့် ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း။”

## ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေး (၂/၂၀၂၂) အမှာစကားမှ ကောက်နုတ်ချက်




“အသေးစား အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းသည် နိုင်ငံတော်နှင့် လူမှုစီးပွားရေး တိုးတက်မှုကိုပါ အထောက်အကူပြုနိုင်သော အဓိကအခန်းကဏ္ဍဖြစ်သကဲ့သို့ ခရီးသွားလုပ်ငန်းများကလည်း ဆက်စပ်စီးပွားအထောက်အကူဖြစ်နေသည့်အတွက် ခရီးသွားလုပ်ငန်းမှတစ်ဆင့် MSMEs များကို တိုက်ရိုက် အထောက်အကူပြုနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အလားအလာရှိသော မြို့၊ ရွာများကို ခရီးသွားမြို့များ၊ ခရီးသွားကျေးရွာများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။”

# မာတိကာ


- ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက် ၁
- ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟို ကော်မတီအစည်းအဝေး(၂/၂၀၂၂)အမှာစကားမှကောက်နုတ်ချက် ၁
- နေပြည်တော်ကို GREEN CITY၊ CLEAN CITY၊ SMART CITY ဖြစ်စေရန် သန့်ရှင်းသာယာလှပသော မြို့တော်ဖြစ်စေရေး ဆောင်ရွက်နေ ခရီးသွားဧည့်သည်များ တည်းခိုရန် ဟိုတယ်များ သန့်ရှင်းမှုနှင့် ဝန်ဆောင်မှုအရည်အသွေးများ ကောင်းမွန်တိုးတက် လာစေရေး ကြိုးပမ်းဆောင်ရွက် ၃
- ကျန်းမာရေးနှင့် အလှအပဆိုင်ရာ စီးပွားရေးနှီးနှောဖလှယ်ပွဲမှ တစ်ဆင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား စီးပွားရေးအခွင့် အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဟု ယုံကြည် ၃-၄
- တရုတ်- မြန်မာ မြှင့်တင်ရေးစင်တာတွင် မြန်မာနိုင်ငံ၏ ခရီးသွား လုပ်ငန်းများနှင့်ဆွဲဆောင်မှုများကို ပါဝင်ပြသရန် ကမ်းလှမ်းထား ၄
- ပြည်ထောင်စုဝန်ကြီးဒေါက်တာဌေးအောင် ပြင်ဦးလွင်နှင့် မန္တလေး မြို့များတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက် ၄-၅
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံ ၅-၆
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ချုံချင့်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ မြှင့်တင်ရေး ဗဟိုဌာန၏ အတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံဆွေးနွေး ၆
- ခရီးသွားလုပ်ငန်းသုတေသနစင်တာ လက်စွဲစာအုပ်မိတ်ဆက် ထုတ်ဝေခြင်းနှင့် လက်စွဲစာအုပ်ပါသုတေသန နည်းလမ်းများ အသုံးပြုနည်းသင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ ၆-၇
- အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များအတွက် ကျွမ်းကျင်မှု စံနှုန်းများဆိုင်ရာ တတိယအကြိမ် ဒေသတွင်းအလုပ်ရုံ ဆွေးနွေးပွဲကျင်းပ ၇-၈
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် (၇) ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အစားအသောက်နှင့်စပ်လျဉ်းသည့် ခရီးသွား လုပ်ငန်းဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ အွန်လိုင်းမှ ပါဝင်တက်ရောက် ၈
- ဒေသတွင်း ပြည်တွင်း/ ပြည်ပ ခရီးသည်များ ပိုမိုလည်ပတ် လာရေး၊ အင်းလေးကန် သန့်ရှင်းသာယာလှပရေးနှင့် ရေရှည် တည်တံ့ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ၈ - ၉
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်၊ ဒေါက်တာ ကံဇော်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Maxim RESHETNIKOV ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ ၉-၁၀
- ဂျပန်ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးနေသူများ၏ အရည်အသွေးများ မြှင့်တင်ရေး (ဒုတိယအကြိမ်) အသိပညာ ပေးဆွေးနွေးပွဲ ကျင်းပ ၁၀
- ခရီးသွားကဏ္ဍရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ထောက်ပံ့ရေး ကွင်းဆက်များ၏ အားသာချက်နှင့် အားနည်းချက်များကို ရှာဖွေဖော်ထုတ် ၁၀-၁၁
- ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ကဏ္ဍများရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာရေး ဦးတည်ကြိုးပမ်း ၁၁-၁၂
- မြန်မာ- ရုရှား နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် စေရန် ရုရှားနိုင်ငံအစိုးရပိုင်းနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ ၁၂
- မြန်မာ-တရုတ် ခရီးသွားဧည့်လမ်းညွှန်သင်တန်းဖွင့်ပွဲ အခမ်း အနားကျင်းပ တရုတ်ဘာသာစကားပြောဧည့်လမ်းညွှန်များ ကို ဘာသာစကားစွမ်းရည်ကျွမ်းကျင်မှု အထောက်အပံ့ ဖြစ်စေမည် ၁၂-၁၃
- (၅) ကြိမ်မြောက် အက်ခ်မက်(ACMECS) ခရီးသွားလုပ်ငန်း ဝန်ကြီးများအဆင့်အစည်းအဝေး၊ (၆) ကြိမ်မြောက် စီအယ်လ် အမ်ဗွီ (CLMV) ခရီးသွားလုပ်ငန်းဝန်ကြီးများ အဆင့်နှင့် ဆက်စပ်အစည်းအဝေးများကျင်းပ ၁၃-၁၄
- ယူနမ်ပြည်နယ် မန်စီနှင့် မန္တလေးမြို့အကြား တိုက်ရိုက် လေကြောင်းပြေးဆွဲမှု ပြန်လည်စတင် ၁၄
- လုပ်ငန်းလိုင်စင် (၄) မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခို ရိပ်သာများဖွင့်လှစ်ထားမှု၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံ ပေးမှု၊ ပြည်ပဧည့်သည်လာရောက်မှုနှင့် ဧည့်စာရင်းစီမံ ခန့်ခွဲမှုစနစ်အသုံးပြုမှု အခြေအနေများ ၁၄-၁၆
- ဝန်ကြီးဌာန၏ e-Government ဆိုင်ရာ အကောင်အထည် ဖော်ဆောင်ရွက်နေမှုများ ၁၆
- လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ ၁၆-၁၇
- ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ ၁၇
- နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ ၁၇-၁၈
- ကချင်ပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ ၁၈
- စစ်ကိုင်းတိုင်းဒေသကြီးခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ ၁၈-၁၉
- မန္တလေးတိုင်းဒေသကြီးခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ ၁၉
- တနင်္သာရီတိုင်းဒေသကြီးခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ ၁၉-၂၀
- ကမ္ဘာလှည့်ခရီးသွားများအား ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့် စပ်လျဉ်းသော အာရှ-ပစိဖိတ် ဒေသတွင်းဆွေးနွေးပွဲကျင်းပ ၂၀


**********

**နေပြည်တော်ကို GREEN CITY၊ CLEAN CITY၊ SMART CITY ဖြစ်စေရန် သန့်ရှင်းသာယာလှပသော မြို့တော်ဖြစ်စေရေး ဆောင်ရွက်နေ ခရီးသွားဧည့်သည်များ တည်းခိုရန် ဟိုတယ်များ သန့်ရှင်းမှုနှင့် ဝန်ဆောင်မှုအရည်အသွေးများ ကောင်းမွန်တိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်**



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်သည် ဇန်နဝါရီ ၁၄ နံနက်ပိုင်းတွင် နေပြည်တော်၊ နိုင်ငံတော် ဧည့်ဂေဟာရှိ ဟိုတယ်များ မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့် မင်္ဂလာသီရိဟိုတယ်၌ တွေ့ဆုံပြီး မြို့တော် နေပြည်တော်ကို “GREEN CITY၊ CLEAN CITY၊ SMART CITY” ဖြစ်စေရန် လမ်းညွှန်ချက်နှင့်အညီ သန့်ရှင်းသာယာလှပသောမြို့တော်ဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ဝန်ကြီးဌာနမှလည်း Tourism Hub ဖြစ်စေရေးကို ကြိုးပမ်းဆောင်ရွက်နေသည်ဖြစ်ရာ ဟိုတယ်များအနေဖြင့်လည်း နိုင်ငံတော်မှ ဆောင်ရွက်နေသောလုပ်ငန်းစဉ်များကို သိရှိနားလည်ပြီး မြို့တော်၏ အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း။

ယခုအခါ နေပြည်တော်သည် ပြည်တွင်း/ ပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လိုသော ခရီးစဉ်ဒေသတစ်ခုဖြစ်သည့်အတွက် ခရီးသွားဧည့်သည်များ တည်းခိုနေထိုင်ရာ ဟိုတယ်များအနေဖြင့် သန့်ရှင်းမှု၊ သာယာလှပမှုနှင့် ဝန်ဆောင်မှုအရည်အသွေးများ ကောင်းမွန်တိုးတက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် နိုင်ငံတကာအဆင့်မီဟိုတယ်တစ်ခု ဖြစ်စေရေးအတွက် ဟိုတယ်တွင် ဝန်ဆောင်မှုပေးနေသူများအားလုံး၏ ဝတ်စားဆင်ယင်မှုမှအစ ဝန်ဆောင်မှုပေးသည်အထိ သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်း၊ သေသေသပ်သပ်နှင့် Neat and Tidy ဖြစ်ရန်လည်း အထူးအရေးကြီးပြီး ဧည့်သည်များစိတ်ချမ်းမြေ့စွာအပန်းပြေနားနေနိုင်စေရေးအတွက်လည်း ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားပြီး ဟိုတယ်များ သန့်ရှင်းသာယာလှပရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံစဉ် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရာဇသင်္ဂဟလမ်းမကြီးဘေးဝဲယာရှိအတွင်းလမ်းနှင့် ဟိုတယ်ဇုန်ဧရိယာအကြား သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ နိုင်ငံတော်ဧည့်ဂေဟာများနှင့် ဟိုတယ်များအတွင်း သစ်ပင်ကြီးများအလင်းဖွင့်ခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်း ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

နေပြည်တော်သည် နိုင်ငံ၏ မြို့တော်ဖြစ်သည့်အတွက် နိုင်ငံတကာမှခရီးသွားဧည့်သည်များ လာရောက်သည့်အခါတွင် မြန်မာနိုင်ငံ၏ စံပြမြို့တော်အဖြစ် ပုံရိပ်ကောင်းများ စွဲထင်နေစေရေး၊ ပြည်တွင်း/ပြည်ပမှ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာ အချက်အချာနေရာတစ်ခုအဖြစ် ဖြစ်ပေါ်လာစေရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနအနေဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်) Source From: Myanmar Alin

**ကျန်းမာရေးနှင့် အလှအပဆိုင်ရာ စီးပွားရေးနှီးနှောဖလှယ်ပွဲမှတစ်ဆင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား စီးပွားရေး အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဟု ယုံကြည်**




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်သည် ဇန်နဝါရီ ၁၁ နံနက်ပိုင်းတွင် နိုဗိုတယ်ရန်ကုန်မက်စ်ဟိုတယ်၌ ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးမြှင့်တင်မှုဌာနက စီစဉ်ကျင်းပသော ကျန်းမာရေးနှင့် အလှအပဆိုင်ရာ စီးပွားရေးနှီးနှောဖလှယ်ပွဲ (၂၀၂၃) သို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဦးစွာ ထိုင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူးကြီး ဒေါက်တာ သာနာဝပ်နာဂိုဝတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားသို့ ထိုင်းနိုင်ငံမှ ဆေးရုံများအပါအဝင် ကုမ္ပဏီပေါင်း (၂၆)ခု တက်ရောက်သည်ဟု သိရှိရပါကြောင်း၊ ကျန်းမာရေးနှင့်အလှအပဆိုင်ရာ စီးပွားရေးနှီးနှောဖလှယ်ပွဲမှတစ်ဆင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား စီးပွားရေးအခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယနေ့ ကျင်းပသည့် ကျန်းမာရေးနှင့်အလှအပဆိုင်ရာ စီးပွားရေးနှီးနှောဖလှယ်ပွဲသည် စီးပွားရေးကဏ္ဍအတွက်သာမက ခရီးသွားကဏ္ဍအတွက်ပါ အကျိုးရှိပြီး နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးအတွက် အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ မိမိအနေဖြင့် ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဒေသတွင်းနှင့်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးတို့တွင်လည်း ပိုမိုရင်းနှီးစွာ လက်တွဲဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းဥက္ကဋ္ဌ ဒေါက်တာထင်ပေါ်နှင့် မြန်မာနိုင်ငံအလှကုန်အသင်းမှဥက္ကဋ္ဌ ဒေါက်တာဆုလှဟန်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်နှင့် အမှာစကားပြောကြားသူများကို ထိုင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူးကြီး ဒေါက်တာ သာနာဝပ်နာဂိုဝတ်က အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်၊ ထိုင်းနိုင်ငံသံရုံးမှ

စီးပွားရေးသံမှူးကြီး ဒေါက်တာသာနာဝပ်နာဂိုဝတ်၊ တာဝန်ရှိသူများနှင့်အတူ ကျန်းမာရေးနှင့် အလှအပဆိုင်ရာ စီးပွားရေးနီးနှောဖလှယ်ပွဲ (၂၀၂၃) အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြကာ ပြခန်းများ ခင်းကျင်းပြသထားမှုကို လိုက်လံကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အင်းယားကန်ဟိုတယ်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့် ဝန်ကြီးဌာန၏ အားပေးဆောင်ရွက်နေမှု၊ နိုင်ငံတကာခရီးသွားပြပွဲများနှင့် ခရီးသွားဈေးကွက်အသစ်များ ရရှိရေးဆောင်ရွက်နေမှု၊ တရုတ်နှင့် ရုရှားနိုင်ငံတို့မှခရီးသည်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ကိုဗစ်ကာလတွင် နိုင်ငံတော်မှ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများအတွက် ဖြေလျှော့ပေးခဲ့မှုများနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်၍ ဟိုတယ်များအနေဖြင့် နိုင်ငံတော်သို့ ပေးသွင်းရန်ရှိသည့် ငွေများ၊ခမျိုးများနှင့်အခွန်အခများကို ပြည့်ဝစွာပေးသွင်းနိုင်ရေးကိစ္စ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များအနေဖြင့် ပြည်တွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများနှင့် ပူးပေါင်းကာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် မြှင့်တင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်ရေးကိစ္စများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Kyemon

## တရုတ်- မြန်မာ မြှင့်တင်ရေးစင်တာတွင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများနှင့် ဆွဲဆောင်မှုများကို ပါဝင်ပြသရန် ကမ်းလှမ်းထား



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် အာဆီယံ-ဂျပန်ဗဟိုဌာန၏ အထောက်အပံ့ဖြင့် National Activity Project-2022 ကို အကောင်အထည်ဖော်သည့်အနေဖြင့် တတိယအကြိမ် ဂျပန်ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးနေသူများအတွက် အရည်အသွေးမြှင့်တင်ရေး အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၁၀ နံနက်ပိုင်းတွင် ကလောမြို့ရှိ Kalaw Hilltop Villa Hotel တွင် Hybrid စနစ်ဖြင့် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် အွန်လိုင်းမှတစ်ဆင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် ယခု အာဆီယံ-ဂျပန် ဗဟိုဌာနနှင့် ပူးပေါင်းကျင်းပသော ဆွေးနွေးပွဲမှတစ်ဆင့် ဆွေးနွေးပွဲကိုယ်စားလှယ်များသည် ဂျပန်ခရီးသွားဧည့်သည်များ၏ ရိုးရာဓလေ့နှင့်လူနေမှုဘဝပုံစံများ၊ အပြုအမူသဘောသဘာဝများကို သိရှိနားလည်လာပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် အာဆီယံ-ဂျပန်ဗဟိုဌာန၏ ၂၀၂၃ ခုနှစ်အတွက် National Acticvityနှင့် အခြားအစီအစဉ်များတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းပြောကြားသည်။

ဆက်လက်၍ အာဆီယံ-ဂျပန်ဗဟိုဌာနမှ အကြီးတန်းအမှုဆောင်အရာရှိ Dr. Yuka KUBOTA က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံနှင့် အာဆီယံ-ဂျပန်ဗဟိုဌာနမှ တာဝန်ရှိသူများနှင့် ဂျပန်ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာဘာသာရပ်များအလိုက် ဆက်လက်ဆွေးနွေးပို့ချကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ရှိ အင်းယားကန်ဟိုတယ်၌ကျင်းပသော မြန်မာ-တရုတ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲ၌ ပြည်ထောင်စုဝန်ကြီးက ယခုအခါ တရုတ်ခရီးသွားဈေးကွက်သည် မြန်မာနိုင်ငံအတွက် အလားအလာရှိပြီး အားထားရသည့် ဈေးကွက်တစ်ခုဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း နေပြည်တော်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချုံချင့်မြို့အခြေစိုက်မြန်မာနိုင်ငံဆိုင်ရာ မြှင့်တင်ရေးဗဟိုဌာန၏ အတွင်းရေးမှူးချုပ် မစ္စတာ ကျောက်ကျားအောက်ဝ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ အဆိုပါ ဆွေးနွေးပွဲတွင် ချုံချင့်မြို့၌ တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုဖိုရမ်၊ တရုတ်-မြန်မာ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားကုန်စည်ပြပွဲ၊ လန်ချန်း-မဲခေါင် ခရီးသွားမိတ်ဖက်မြို့တော် ရက်သတ္တပတ်အစီအစဉ် ကျင်းပပြုလုပ်မည့် အခြေအနေများ၊ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ခရီးသွားပြခန်းများ ပါဝင်ခင်းကျင်းပြသသွားနိုင်ရေးအတွက် ဝန်ကြီးဌာနနှင့် ခရီးသွားအသင်းအဖွဲ့များအား ဖိတ်ကြားထားပါကြောင်း၊ ထို့ပြင် တရုတ်-မြန်မာ မြှင့်တင်ရေး စင်တာတွင်လည်း မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများနှင့် ဆွဲဆောင်မှုများကို ပါဝင်ပြသရန် ကမ်းလှမ်းထားပါကြောင်း၊ အဆိုပါ ကုန်စည်ပြပွဲတွင် ပါဝင်ပြသခြင်းဖြင့် ချုံချင့်မြို့နှင့်သာမက တရုတ်တစ်နိုင်ငံလုံးသို့လည်း မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို မြှင့်တင်ကြော်ငြာနိုင်မည့် အခွင့်အလမ်းများရရှိမည်ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲသို့ တက်ရောက်လာသူများအနေနှင့် ပြပွဲတွင်ပါဝင်ပြသနိုင်ရေးအပြင် တရုတ်-မြန်မာ ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေးအတွက် အခြားဆွေးနွေးလိုသည့် ကိစ္စရပ်များရှိပါက အားလုံးဝိုင်းဝန်းဆွေးနွေး၍ အကြံပြုပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး၊ စီးပွားရေးရာဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ပထမအတွင်းဝန်တို့က ဆွေးနွေးတင်ပြပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားကုန်စည်ပြပွဲတွင် ပါဝင်ပြသနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။ ယင်းနောက် တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးမှ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Myanmar Alin

## ပြည်ထောင်စုဝန်ကြီးဒေါက်တာဌေးအောင် ပြင်ဦးလွင်နှင့် မန္တလေးမြို့များတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် သည် ဇန်နဝါရီလ ၈ နံနက်ပိုင်းက ပြင်ဦးလွင်မြို့ တုံဂပူရီဟိုတယ်၌ ကျင်းပသော ရုရှားဘာသာစကားပြော အခြေခံသင်တန်းဆင်းပွဲအခမ်းအနားသို့တက်ရောက်၍အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ရုရှားဘာသာစကားသင်တန်းကို ဝန်ကြီးဌာနသည် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်၏ အကူအညီဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ သင်တန်းကာလ ငါးလကျော် ကြာမြင့်ခဲ့ပြီး နာရီပေါင်း ၆၀၀ ကို ရက်သတ္တပတ် ၂၀ သင်ကြားပို့ချပေးခဲ့ပါကြောင်း၊ ဘာသာစကားဆိုသည်

မှာ စိတ်ဝင်စားမှုအပြည့်ထားကာ လေ့ကျင့်သင်ယူလျှင် တတ်မြောက်လွယ်သဖြင့် လက်တွေ့ပြောဆိုလေ့ကျင့်ကြရန် လိုအပ်ပါကြောင်း၊ ခရီးသွားများသည် ၎င်းတို့၏ ဘာသာစကားဖြင့် နှုတ်ဆက်ပြောဆိုပါက ကျေနပ်နှစ်သက်မှု သာမက ယုံကြည်မှုကိုပါ တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင် စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်ဇော်မင်းလတ်မှ သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ရုရှားဘာသာစကားသင်တန်းတွင် သင်ကြားပို့ချပေးခဲ့ကြသော ဆရာ ဆရာမများအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်သည်။



ဆက်လက်၍ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးက ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်ဆုများရရှိခဲ့ကြသော သင်တန်းသား၊ သင်တန်းသူများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး စစ်တက္ကသိုလ် အဆင့်မြင့်စာပေပညာဗဟိုဌာန ပါမောက္ခချုပ်ဗိုလ်မှူးချုပ်သိန်းလွင်က သင်တန်းတွင် အောင်မြင်ခဲ့ကြသူများကို သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။ ထို့နောက် သင်တန်းသား သင်တန်းသူများက ရုရှားဘာသာသီချင်းများ၊ ကဗျာများ၊ သရုပ်ဖော်ပြဇာတ်များဖြင့် ဘာသာစကားစွမ်းရည်ကို ပြသဖျော်ဖြေတင်ဆက်ကြပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓါတ်ပုံရိုက်ကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းသို့ ရောက်ရှိကာ အပန်းဖြေစခန်းသို့ လာရောက်လည်ပတ်ကြသော ပြည်တွင်းခရီးသွားများဖြင့် စည်ကားနေမှု၊ ခရီးသွားဧည့်သည်အပန်းဖြေသူများအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမောင်ကိုနှင့်အတူ မန္တလေးမြို့ရှိ မင်္ဂလာမန္တလေးဟိုတယ်၌ ကျင်းပသည့် မြန်မာ-တရုတ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ပူးပေါင်းဖွင့်လှစ်သော ရုရှားဘာသာစကားသင်တန်း အမှတ်စဉ်-၂ သို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရံပုံငွေ ၂၀၂၁ ဖြင့် ဆောင်ရွက်သော ခရီးသွားလုပ်ငန်း သုတေသနစီမံကိန်း၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ခရီးသွားလုပ်ငန်း သုတေသနလက်စွဲစာအုပ်ပါ သုတေသနနည်းလမ်းများ ရှင်းလင်းပို့ချခြင်းကို သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဇန်နဝါရီလ ၉ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်သော ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားသို့တက်ရောက်သည်။ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ နေ့ထူးနေ့မြတ်တစ်ခုဖြစ်ပြီး အလွန်အရေးပါသော လွတ်လပ်ရေးနေ့ကို နိုင်ငံတော်အစိုးရအနေဖြင့် နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့ရာ ယခု ၂၀၂၃ ခုနှစ်တွင် (၇၅) နှစ်ပြည့်မြောက်ပြီး စိန်ရတုတိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခု စိန်ရတု လွတ်လပ်ရေးနေ့ အခမ်းအနားကို နိုင်ငံတော်အစိုးရကဦးဆောင်ပြီး ဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ခမ်းနားအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ သမိုင်းဝင် နေ့ထူးနေ့မြတ်အခမ်းအနားတစ်ခုတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေနှင့် အောင်မြင်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုလို ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ဝန်ထမ်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိပြီး ကိုယ်စီတာဝန်သိစိတ်ရှိစွာဖြင့် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း၊ ထို့အတွက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ကျရာနေရာမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများအား အထူးကျေးဇူးတင်ရှိပါကြောင်းပြောကြားသည်။ ယင်းနောက် ဝန်ထမ်းများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီးနောက် ဂုဏ်ပြုလက်ဆောင်အဖြစ် ကံစမ်းမဲများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Myanmar Alinn

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ဇန်နဝါရီ ၅ နံနက်ပိုင်းတွင် ဝန်ကြီးဌာန ဧည့်ခန်းမ၌ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr. Mongkol Visitstump ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံသည်။

ဆွေးနွေး တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက ကိုဗစ်အလွန်ကာလတွင် နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တိုးမြှင့်လုပ်ဆောင်နိုင်ရေး၊ မြန်မာနိုင်ငံသို့ ထိုင်းခရီးသွားဧည့်သည်များ လာရောက်ရာတွင် ကျန်းမာရေးအာမခံဝယ်ယူထားရှိရေးနှင့် အဆင်ပြေချောမွေ့စွာ ဝင်ရောက်နိုင်ရေး၊ မြန်မာနိုင်ငံမှ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင်လည်း ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ခရီးသွားပြပွဲများ၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော ကဏ္ဍများတွင် ဝန်ကြီးဌာနနှင့် တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား လေကြောင်းပျံသန်းမှုများရှိသော်လည်း ခရီးသွားဧည့်သည်များ ပိုမိုလာရောက်နိုင်ရေးအတွက် ပျံသန်းမှုအကြိမ်ရေ တိုးမြှင့်နိုင်ရေး၊ ပြည်ပခရီးသွားဧည့်သည်များဝင်ရောက်ရာတွင် ကျန်းမာရေးအာမခံဝယ်ယူရေး အဆင်ပြေချောမွေ့မှုရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်

များနှင့်ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားရေး၊ ထိုင်းနိုင်ငံမှ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်ရေး၊ ထိုင်းစီးပွားရေးလုပ်ကိုင်သူများ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးတို့အတွက် နှစ်နိုင်ငံ ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Kyemon

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ မြှင့်တင်ရေးဗဟိုဌာန၏ အတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံဆွေးနွေး




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာမြှင့်တင်ရေးဗဟိုဌာန၏ အတွင်းရေးမှူးချုပ် မစ္စတာ ကျောက်ကျားအောက်ဝ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ဒီဇင်ဘာ ၂၇ ညနေပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ရှေ့ဦးစွာ ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ မြှင့်တင်ရေး ဗဟိုဌာန၏ အတွင်းရေးမှူးချုပ်ဖြစ်သူ မစ္စတာကျောက်ကျားအောက်ဝ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံဆိုင်ရာ မြှင့်တင်ရေးဗဟိုဌာန တည်ထောင်ခြင်းမှာ ချုံချင့်မြို့ရှိ ပြည်သူများသာမက တရုတ်ပြည်အနောက်ပိုင်းအထိပါ မြန်မာနိုင်ငံအား ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို တိုးမြှင့်လုပ်ဆောင်သွားနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းပြောကြားသည်။

မိမိတို့အနေဖြင့် ချုံချင့်မြို့၌ တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုဖိုရမ်၊ တရုတ်-မြန်မာ ယဉ်ကျေးမှုဆိုင်ရာခရီးသွားကုန်စည်ပြပွဲ၊ လန်ချန်း-မဲခေါင် ခရီးသွားမိတ်ဖက်မြို့တော်ရက်သတ္တပတ်အစီအစဉ်တို့ကို ကျင်းပရန်ရှိရာ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားကုန်စည်ပြပွဲကျင်းပရာတွင် ပြခန်းပေါင်း ၁၅၀ ခင်းကျင်းပြသရန် စီစဉ်ထားရှိပြီး မြန်မာနိုင်ငံမှ ခရီးသွားပြခန်းများ ခင်းကျင်းပြသသွားနိုင်ရေးအတွက် ဝန်ကြီးဌာနနှင့် ခရီးသွားအသင်းအဖွဲ့များကို ဖိတ်ကြားသွားလိုကြောင်း၊ အဆိုပါပြပွဲတွင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို အွန်လိုင်းမှ တိုက်ရိုက်မြှင့်တင်ကြော်ငြာသွားမည့် အစီအစဉ်များလည်း ပါဝင်ကြောင်း၊ ယခုပြပွဲအား နှစ်စဉ်ပုံမှန်ကျင်းပနိုင်ရေးကိုလည်း စီစဉ်လျာထားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ချုံချင့်မြို့ရှိ ခရီးသွားပြည်သူများကို ဆွဲဆောင်သွားနိုင်မည်ဟု ယုံကြည်ကြောင်း၊ ချုံချင့်မြို့ရှိ ခရီးသွားပြည်သူများအနေဖြင့် မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်နိုင်ရေးအတွက် တိုက်ရိုက်လေကြောင်းလိုင်းပျံသန်းပြေးဆွဲပေးနိုင်ပါက ပိုမိုအဆင်ပြေနိုင်ကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ မြှင့်တင်ရေးဗဟိုဌာနအနေဖြင့် တရုတ်-မြန်မာ ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ခရီးသွားလုပ်ငန်းအပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်ခရီးသွားဧည့်သည်များ လာရောက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဘာသာစကားမှအစ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ချုံချင့်မြို့၌ မကြာမီကျင်းပမည့် တရုတ်-မြန်မာ ရင်းနှီးမြှုပ်နှံမှုဖိုရမ်၊ တရုတ်-မြန်မာ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားကုန်စည်ပြပွဲ၊ လန်ချန်း-မဲခေါင် ခရီးသွားမိတ်ဖက်မြို့တော် ရက်သတ္တပတ်အစီအစဉ်တို့တွင် ဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွက် ခရီးသွားပြခန်း ၅၀ အပြင် သွားလာနေထိုင်စားသောက်ရေးကိုပါ အခမဲ့စီစဉ်ဆောင်ရွက်ပေးမည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် ခရီးသွားအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ပြသသွားရန် စီစဉ်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံသို့လာရောက်သည့် အချိန်တွင် အခြားခရီးစဉ်ဒေသများသို့လည်း သွားရောက်လေ့လာလည်ပတ်စေလိုကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Kyemon

## ခရီးသွားလုပ်ငန်းသုတေသနစင်တာ လက်စွဲစာအုပ်မိတ်ဆက်ထုတ်ဝေခြင်းနှင့် လက်စွဲစာအုပ်ပါသုတေသန နည်းလမ်းများ အသုံးပြုနည်းသင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ




ခရီးသွားလုပ်ငန်းသုတေသနစင်တာ လက်စွဲစာအုပ် မိတ်ဆက်ထုတ်ဝေခြင်းနှင့် သုတေသနနည်းလမ်းများ အသုံးချခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ နံနက်ပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဒေါက်တာဌေးအောင်က ယင်းစီမံကိန်းကို မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) ခေါင်းစဉ်ဖြင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာတွင် နေပြည်တော်၌ ကျင်းပခဲ့သော (၁၇) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးမှ စတင်ပေါ်ပေါက်လာခဲ့ပြီး ၂၀၁၆ ခုနှစ်၊ မတ် ၂၃ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟိုင်နန်ပြည်နယ်၊ ဆန်းယမြို့၌ ကျင်းပခဲ့သော ပထမအကြိမ် မဲခေါင်-လန်ချန်း နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး၌ တရားဝင်စတင်ထူထောင်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ကျင်းပခဲ့သော ဒုတိယအကြိမ် လန်ချန်း-မဲခေါင် ထိပ်သီးအစည်းအဝေး (၅) နှစ်တာ လုပ်ငန်းအစီအစဉ်အရ ခရီးသွားလုပ်ငန်းအပါအဝင် ကဏ္ဍ ၁၀ ခု သတ်မှတ်ခဲ့သည်။

မြန်မာနိုင်ငံအနေနှင့် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေကို ၂၀၁၇ ခုနှစ်တွင် စတင်ရရှိခဲ့ပြီး အကောင်အထည်ဖော်သော စီမံကိန်းပေါင်း ၉၂ ခု ရှိကြောင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင်လည်း အထူးရန်ပုံငွေ ၂၀၂၁ ဖြင့် ခရီးသွားလုပ်ငန်း

သုတေသနစင်တာစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်းစီမံကိန်းသည် မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းအတွက် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ခရီးသွားလုပ်ငန်းဈေးကွက်၏ ဝယ်လိုအားနှင့် ရောင်းလိုအားကို အချက်အလက်များနှင့် ကိန်းဂဏန်းများဖြင့် ဖော်ထုတ်ရန်၊ ခရီးသွားလုပ်ငန်းထုတ်ကုန်အသစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစီအစဉ်များနှင့် မဟာဗျူဟာများ ချမှတ်နိုင်ရန်၊ ခရီးသွားဈေးကွက်ရှာဖွေနိုင်ရေး စဉ်ဆက်မပြတ်သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များနှင့် နှစ်အလိုက်စီမံချက်များကို ပံ့ပိုးကူညီရန် ရည်ရွယ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်မည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ယင်းစီမံကိန်းမှ ထွက်ပေါ်လာမည့် အကျိုးရလဒ်များကို ခရီးသွားလုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေကြသူများသာမက ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထုများအတွက်ပါ အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းတွင် ဒေသခံတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆင့်ပွားအကျိုးသက်ရောက်မှုရှိသော လုပ်ငန်းဖြစ်သည့်အတွက် ကိန်းဂဏန်းနှင့် အချက်အလက်များ တိကျခိုင်မာမှုရှိမှသာ ရေရှည်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာ၌ ထိရောက်သော အစီအမံများချမှတ်နိုင်မည်ဖြစ်ကြောင်း၊ ထို့အတွက် ယခုသုတေသနလက်စွဲစာအုပ်ကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားပြုစုပြီး ထုတ်ဝေသွားရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

နောက်ဆက်တွဲလုပ်ငန်းစဉ်တစ်ခုအဖြစ် သုတေသနနည်းလမ်းများအပေါ် အသုံးပြုနည်းသင်တန်းကိုလည်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနေရာ သုံးနေရာ၌ ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသား၊ကျောင်းသူများဖြင့် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသို့တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အကျိုးရှိစွာအသုံးချနိုင်ရေး အတွက် ကြိုးစားသင်ယူကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ သုတေသနပညာရှင်အဖွဲ့ခေါင်းဆောင် ဦးအောင်မင်းက ခရီးသွားလုပ်ငန်းသုတေသနစင်တာ လက်စွဲစာအုပ်ကို ပြည်ထောင်စုဝန်ကြီးထံသို့ လွှဲပြောင်းပေးအပ်ပြီး လက်စွဲစာအုပ်ပါအကြောင်းအရာများနှင့် သင်တန်းဖွင့်လှစ်ပို့ချခြင်းဆိုင်ရာများအား ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာကြသူများကို သုတေသနလက်စွဲစာအုပ်များ မိတ်ဆက်လက်ဆောင်ပေးအပ်သည်။

၂၀၁၈ ခုနှစ် မဲခေါင်-လန်ချန်း ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေး၏ ဆန်းယကြေညာချက်မှအစပြု၍ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များပေါ်ပေါက်လာချိန်တွင် မြန်မာနိုင်ငံအတွက် ထိရောက်သော ကူညီထောက်ပံ့မှုများကို တရုတ်နိုင်ငံမှ ပံ့ပိုးပေးလျက်ရှိရာ မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ၏ စီမံကိန်းများအနက်တစ်ခုဖြစ်သော ခရီးသွားလုပ်ငန်း သုတေသနစင်တာ ထူထောင်ရေးအစီအစဉ်အရ စီမံကိန်းရည်မှန်းချက်များ နှင့်အညီ ခရီးသွားလုပ်ငန်းသုတေသနစင်တာ လက်စွဲစာအုပ် မိတ်ဆက် ထုတ်ဝေခြင်းနှင့် သုတေသနနည်းလမ်းများအသုံးချခြင်းဆိုင်ရာ သင်တန်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Myanmar Alinn

## အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များအတွက် ကျွမ်းကျင်မှုစံနှုန်းများဆိုင်ရာ တတိယအကြိမ် ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များအတွက် ကျွမ်းကျင်မှု စံနှုန်းများဆိုင်ရာ တတိယအကြိမ် ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၀ နံနက်ပိုင်းတွင် မြန်မာနိုင်ငံက ဦးဆောင်ပြီး အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ၍ Hybrid စနစ်ဖြင့် ကျင်းပသည်။




အလုပ်ရုံဆွေးနွေးပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ်ကို ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များအတွက် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့မှုရှိစေရေး၊ မြန်မာနိုင်ငံက အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ ကြီးကြပ်မှုကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ်ကာလအတွင်း ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေးဆိုင်ရာ လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၃) ကို ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်နိုင်ခဲ့ကြောင်း၊ ယင်းစီမံချက်ပါ လုပ်ငန်းအစီအစဉ် (၁)ကို ဦးဆောင်နိုင်ငံအဖြစ် ၂၀၁၉ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့ကြောင်း။

ပထမအကြိမ် ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌လည်းကောင်း၊ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၀ ခုနှစ် ဖွန်လတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် အွန်လိုင်းမှ တစ်ဆင့်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များအတွက် ကျွမ်းကျင်မှုစံနှုန်းများကို ပြန်လည်သုံးသပ်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်းများကို အပြီးသတ်ဆောင်ရွက်ခဲ့ကာ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၂ တွင် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများက အတည်ပြုခဲ့ကြောင်း၊ ယခုအခါတွင် နောက်ဆက်တွဲလုပ်ငန်းစဉ်များအနေဖြင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ စံနှုန်းများအား ကျွမ်းကျင်မှုအဆင့်အလိုက် သတ်မှတ်စည်းမျဉ်းများ (Packaging Rules) နှင့် အလုပ်အကိုင်တစ်ခုချင်းစီအတွက် အရည်အချင်းသတ်မှတ်ချက်ဆိုင်ရာ လမ်းညွှန်ချက်များကို မွမ်းမံပြင်ဆင်ရန် လိုအပ်သောကြောင့် ပဏာမတွေ့ရှိချက်များအပေါ် ဆွေးနွေးနိုင်ရန် တတိယအကြိမ်အဖြစ် ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မစ္စတီတစ်ခ်လက်စ်တာရီက အမှာစကားပြောကြားပြီး ASEAN Common Competency Standards For Tourism Professionals – ACCSTP ကျွမ်းကျင်ပညာရှင်အဖွဲ့က ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ စံနှုန်းများအား ကျွမ်းကျင်မှုအဆင့်အလိုက် သတ်မှတ်စည်းမျဉ်းများ (Packaging Rules) အား ပြန်လည်သုံးသပ်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဖြစ်ပေါ်တိုးတက်မှုကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဟိုတယ်ဝန်ဆောင်မှုကဏ္ဍအတွက် အလုပ်အကိုင်အမျိုးအစားများ၊ ဧည့်ကြိုဝန်ဆောင်မှုလုပ်ငန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးလုပ်ငန်း၊ အစားအသောက်ထုတ်လုပ်ရေးလုပ်ငန်း၊ အစားအစာနှင့် အဖျော်ယမကာ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ စံနှုန်းများအား ကျွမ်းကျင်မှုအဆင့်အလိုက်သတ်မှတ်စည်းမျဉ်းများ (Packaging Rules) ကို အပြီးသတ်ပြင်ဆင်မွမ်းမံမှုများအား အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ပါဝင်တက်ရောက်သူများက အပြန်အလှန်ဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ဒီဇင်ဘာလ ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းဝန်ဆောင်မှုကဏ္ဍအတွက် အလုပ်အကိုင်အမျိုးအစားများ၊ ခရီးသွားအေဂျင်စီများနှင့် ခရီးလှည့်လည်ရေး လုပ်ငန်းဆိုင်ရာ အလုပ်အကိုင်အမျိုးအစားအလိုက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဆိုင်ရာ စံနှုန်းများအားကျွမ်းကျင်မှုအဆင့်အလိုက် သတ်မှတ်စည်းမျဉ်းများ (Packaging Rules) ကို ပြင်ဆင်မွမ်းမံနိုင်ရေးအတွက် ဆက်လက်ဆွေးနွေး သွားမည်ဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ အရာရှိကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ၊ အာဆီယံအဆင့်နှင့် နိုင်ငံအဆင့် သင်ကြားရေး၊ စစ်ဆေးအကဲဖြတ်ရေး ဆရာများ၊ သင်ကြားရေးဆရာများ ဟိုတယ်များမှ ကိုယ်စားလှယ်များ၊ အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင် ပညာရှင်များကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေး မှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အာဆီယံ ၁၀ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

(သတင်းစဉ်) Source From: Myanmar Alinn

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်(၇) ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အစားအသောက်နှင့် စပ်လျဉ်းသည့် ခရီးသွားလုပ်ငန်း ဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ အွန်လိုင်းမှ ပါဝင်တက်ရောက်



ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် Basque Culinary Center (BCC) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဂျပန်နိုင်ငံ၊ နာရာမြို့၌ ကျင်းပသော (၇) ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အစားအသောက်နှင့်စပ်လျဉ်းသည့် ခရီးသွားလုပ်ငန်းဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၁၃ နံနက်ပိုင်းက ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် အွန်လိုင်းမှ ပါဝင်တက်ရောက်သည်။

ဖိုရမ်ဖွင့်ပွဲတွင် ဂျပန်နိုင်ငံ၊ နာရာပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Shogo Arai ၊ နာရာခရီးသွားဗျူရိုမှ ညွှန်ကြားရေးမှူးချုပ် Ms. Hirata Chieko၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူး Dr. QU Dongyu၊ Basque Culinary Center (BCC) အထွေထွေမန်နေဂျာ Mr. Joxe Mari Aizega၊ ကမ္ဘာ့ခရီးသွား လုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Mr. Zurab Pololikashvili နှင့် ဂျပန်နိုင်ငံ၊ ခရီးသွားလုပ်ငန်းအေဂျင်စီနှင့် မြေယာ၊ အဆောက်အဦ၊ ပို့ဆောင်ရေး နှင့်ခရီးသွားလုပ်ငန်းပြည်နယ်ဝန်ကြီး Mr.Hiroo Ishii တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ဂျပန်နိုင်ငံ၏ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်း၍ မြေယာ၊ အဆောက်အဦ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန၊ ဂျပန်နိုင်ငံခရီးသွားလုပ်ငန်း အေဂျင်စီကော်မရှင်နာ Mr. Koichi Wada က ဂျပန်နိုင်ငံ၊ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းအကြောင်းကို လည်းကောင်း၊ Green-Star Restaurant Mr.Massayuki Miura က အစား အသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း အနာဂတ်မျှော်မှန်းချက်များ ချမှတ်ခြင်း တို့ကို လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ဖိုရမ်အစီအစဉ်အရ အမျိုးသမီးနှင့် လူငယ်များ၏ ပင်ကိုယ်စွမ်းရည်၊ အစား အသောက်များ အလေအလွင့်မရှိစေရေး၊ ကမ္ဘာမြေကြီးနှင့် လူသားတို့၏ အနာဂတ်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်စေရေးနှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အစားအသောက် ဆိုင်ရာ ခရီးသွားလုပ်ငန်းစိန်ခေါ်မှုများ အစရှိသည့်ခေါင်းစဉ်များကို အပိုင်း သုံးပိုင်း ခွဲခြား၍ ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါဖိုရမ်ကို အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင် များက အလေ့အကျင့်ကောင်းများနှင့် အတွေးအမြင်သစ်များကို ဝေမျှပေးနိုင် ရန်နှင့် ကိုဗစ်-၁၉ အလွန်တွင် ပြန်လည်ထူထောင်လာနိုင်စေရေး ရည်ရွယ်၍ "Gastronomy Tourism for People and Planet: Innovate, Empower and Preserve" ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပခြင်း ဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ရှိ အမျိုးသားစီမံခန့်ခွဲမှု ပညာဒီဂရီကောလိပ်သို့ရောက်ရှိပြီး ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု အထူးပြုဘာသာရပ်ကို သင်ကြားနေကြသည့် ကျောင်းသားကျောင်းသူများ၊ ဆရာ/ဆရာမများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းဘာသာရပ်များ ကို တက္ကသိုလ်အဆင့်ဖွင့်လှစ်နိုင်ရေးပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင် ရွက်မှုများ၊ ဟိုတယ်နှင့်ခရီးသွားဘာသာရပ်များ သင်ကြားနိုင်ရေးအတွက် ဝန်ကြီးဌာနမှ အရာထမ်းများနှင့်ခရီးသွားကျွမ်းကျင်သူများ၊ နိုင်ငံတကာ တက္ကသိုလ်များမှ ပါမောက္ခများ လာရောက်သင်ကြားပို့ချပေးခဲ့မှုများ၊ နိုင်ငံခြား ပညာတော်သင်များစေလွှတ်ခဲ့မှုများ၊ ပြည်ပခရီးသွားတက္ကသိုလ်များနှင့် Student Exchange Program ဆောင်ရွက်ခဲ့မှုများ၊ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းများတွင် လက်တွေ့လေ့လာသင်ယူနိုင်ရေးနှင့် အလုပ်အကိုင်ဖန်တီး ပေးနိုင်မှုများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာနီလာမြင့်ထူးက ဒီပလိုမာနှင့် ဘွဲ့သင်တန်းများ သင်ကြားပေးနေ မှုများနှင့် ဆက်လက်ဖွင့်လှစ်ပို့ချမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Kyemon

## ဒေသတွင်း ပြည်တွင်း/ ပြည်ပ ခရီးသည်များ ပိုမိုလည်ပတ်လာရေး၊ အင်းလေးကန် သန့်ရှင်းသာယာလှပရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း




သဘာဝအလှအပကို ကြည့်ရှုခံစားလိုကြသော ဧည့်သည်များ စိတ်ချမ်းမြေ့ ကြည်နူးကြစေရန်သာမက ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် အစဉ် သန့်ရှင်းသာယာလှပရေးကိုပါ စနစ်တကျ စီမံဆောင်ရွက်စေလိုပါကြောင်း၊ ခရီးသွားများတစ်ဆထက်တစ်ဆ ပိုမိုလာရောက်လည်ပတ်လာပါက ဖြစ်ပေါ် လာနိုင်သည့် အမှိုက်သရိုက်များနှင့် စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိုမှတစ်ဆင့် ကျန်းမာရေးထိခိုက်မှုမရှိစေရန်အတွက် အသိပညာ ပေးမှု၊ ကြီးကြပ်ထိန်းသိမ်းမှုနှင့် အခါမလပ်မပြတ် နိုးဆော်ပြုပြင်မှုများကို အထူးအလေးထားဆောင်ရွက်စေလိုပါကြောင်း ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက

ကလောမြို့နယ် ရေယောင်းမကျေးရွာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အကောင်အထည်ဖော်လျက်ရှိသော ရေယောင်းမကျေးရွာ လူထုအခြေပြုခရီးသွားလုပ်ငန်းနေရာသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကလောဂါးဒင်းဟိုတယ်သို့ ရောက်ရှိပြီး ကလောမြို့ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့မှ အဖွဲ့ဝင်များကို တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ကလောမြို့သည် မြန်မာနိုင်ငံ၏ အဓိကဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသတစ်ခုဖြစ်ပါကြောင်း၊ ယခုအခါ ကလောမြို့ကို ခရီးသွားမြို့တော်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ်စီမံကွပ်ကဲပေးမှုကြောင့် မကြာခင်ကာလတွင် ကလောမြို့မှာ ခရီးသွားမြို့တော်အဖြစ် ပိုမိုထင်ရှားလူသိများလာမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဖြစ်ပေါ်လာအောင် အစိုးရ၊ ပုဂ္ဂလိကနှင့်ဒေသခံပြည်သူများ အားလုံးတက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ရွှေမြို့ရှိ ဟူပင်ခေါင်တိုင်ဟိုတယ်သို့ ရောက်ရှိကာ အင်းလေးကန်အတွင်း ဒိုက်ဖေဒါနှင့် အမှိုက်သရိုက်များ ရှင်းလင်းထားရှိမှု၊ ကန်ရေပြင်နှင့်ထိစပ်နေသော ဟိုတယ်များ၏ ရေလမ်းကြောင်း အဝင်အထွက်များရှင်းလင်းထားရှိမှုတို့ကို စက်လှေဖြင့် လှည့်လည်ကြည့်ရှုသည်။

ဒီဇင်ဘာ ၁၁ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာကျော်ထွန်းနှင့်အတူ ညောင်ရွှေမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်းတွင် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အင်းလေးကန်ဖြတ် စက်ဘီးစီးပွဲတော်-၂၀၂၂ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကားများပြောကြားကြပြီး သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။ အဆိုပါ စက်ဘီးစီးပွဲတော်တွင် စက်ဘီးစီးဝါသနာရှင် ၄၇၀ တို့က ကီလိုမီတာ ၃၀ နှင့် ၁၅ ကီလိုမီတာ ခရီးစဉ်တို့ကို စီးနင်းခဲ့ကြပြီး ကီလိုမီတာ ၃၀ ၌ အင်းလေးကန်သို့ အရောက်တွင် စက်လှေတစ်စင်းလျှင် စက်ဘီးငါးစီးနှုန်းတင်ဆောင်၍ အင်းလေးကန်ကို ဖြတ်ကျော်ကာ ဆက်လက်စီးနင်းခဲ့ကြသည်။ ထို့နောက် ပြိုင်ပွဲတွင်ဆုရရှိသူများကို ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီးတို့က ဆုများချီးမြှင့်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်ရွှေမြို့ရှိ ဌာနဆိုင်ရာများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအတွင်း ပြည်တွင်း/ ပြည်ပခရီးသည်များ ပိုမိုလည်ပတ်လာရေး၊ အင်းလေးကန် သန့်ရှင်းသာယာလှပရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။
(သတင်းစဉ်) Source From: Myanmar Alinn

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်၊ ဒေါက်တာကံဇော်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး Mr. Maxim RESHETNIKOV ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ဒီဇင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Maxim RESHETNIKOV ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှားနိုင်ငံသားခရီးသည်များ မြန်မာနိုင်ငံသို့ အဆင်ပြေလွယ်ကူစွာ လာရောက်လည်ပတ်နိုင်ရေး၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဏာမအမြင်ချင်းဖလှယ် ဆွေးနွေးကြပြီး ပေလီကမ်းခြေသို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် သံတွဲမြို့နယ် ပေလီကမ်းခြေရှိ Aureum Palace ဟိုတယ်၌ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရခိုင်ဇုန်) ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်က ခရီးသွားလုပ်ငန်းကို ဦးစားပေးကဏ္ဍတစ်ရပ်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ရုရှားခရီးသွားများသည် ပင်လယ်ကမ်းခြေများကို နှစ်သက်ကြပါကြောင်း၊ ယခု ပေလီကမ်းခြေကိုလည်း အထူးနှစ်သက်ကြပါကြောင်း၊ ပေလီကမ်းခြေသည် ရေသန့်ရှင်းကြည်လင်ခြင်း၊ ဖြူလွှသော သဲသောင်ပြင် သာယာပြန့်ပြူးလှပခြင်းနှင့် ခရီးသွားများပြည့်ကျပ်မှုမရှိသော ပတ်ဝန်းကျင်ကို နှစ်သက်ကြပါကြောင်း၊ ထို့ကြောင့် ရုရှားခရီးသွားများကိုဖိတ်ခေါ်၍ လည်ပတ်ကြခြင်းဖြင့် နိုင်ငံတော်နှင့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်သူများဘက်ကလည်း ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်မှုများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသထုတ်ကုန်များမြှင့်တင်ရေးနှင့် အရေအတွက်များများ ထုတ်လုပ်ရောင်းချနိုင်ရေးတို့ကို ကြိုးစားဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရခိုင်ဇုန်)ဥက္ကဋ္ဌနှင့် အသင်းအလုပ်အမှုဆောင်များက ခရီးစဉ်ဒေသ သန့်ရှင်းသာယာလှပရေး၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိနိုင်ရေးနှင့် ထိုက်သင့်သောဖြေလျှော့မှုများ ခွင့်ပြုပေးရေးတို့ကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၁ နာရီခွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်အတူ ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Maxim RESHETNIKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးသည်။

ဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနှင့် ရုရှားနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး သဘောတူထားရှိမှုများနှင့် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာမူကြမ်း ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးက မကြာမီတွင် ရုရှားနိုင်ငံမှ ခရီးသည်များ လာရောက်လည်ပတ်ကြမည်ဟု ယုံကြည်ပါကြောင်း၊ အနာဂတ်စီမံကိန်းများတွင်လည်း အစိုးရ၊ ပုဂ္ဂလိကအဖွဲ့များ ပူးပေါင်းဆောင်ရွက်နိုင်ရန် စီစဉ်မည်ဖြစ်ကြောင်း ပြောကြားပြီး တက်ရောက်လာသူများက ရုရှား

ခရီးသည်များ မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ လာရောက်လည်ပတ်နိုင်ရေး အစီအမံများကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရခိုင်ပြည်နယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးနှင့် ကိုယ်စားလှယ်များကို ငပလီကမ်းခြေရှိ Amazing Ngapali Resort၊ Bayview Beach Resort နှင့် Sandoway Resort များသို့သွားရောက်၍ ဟိုတယ်အခန်းများနှင့် ဝန်ဆောင်မှုများကို ပြသခဲ့ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Myanma Alinn

## ဂျပန်ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးနေသူများ၏ အရည်အသွေးများ မြှင့်တင်ရေး (ဒုတိယအကြိမ်) အသိပညာပေးဆွေးနွေးပွဲ ကျင်းပ




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် အာဆီယံ-ဂျပန်ဗဟိုဌာန၏ အထောက်အပံ့ဖြင့် National Activity Project-2022 ကို အကောင်အထည်ဖော်သည့်အနေဖြင့် ဂျပန်ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးနေသူများအတွက် အရည်အသွေးမြှင့်တင်ရေး ဒုတိယအကြိမ် အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၂၉ နံနက် ၉ နာရီခွဲတွင် ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်က ယနေ့ဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါကို သိသိသာသာထိန်းချုပ်နိုင်ခြင်းကြောင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါ ဂျပန်ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးနေသူများအတွက် အာဆီယံ-ဂျပန် ဗဟိုဌာနနှင့် ပူးပေါင်း၍ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဤအစီအစဉ်များကို အာဆီယံ-ဂျပန်ဗဟိုဌာနဖြင့် နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် ဂျပန်ဧည့်လမ်းညွှန်များ၏ အရည်အသွေးများ မြှင့်တင်ရေးသင်တန်းများကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင် ဂျပန်အစားအစာ အချက်အပြုတ်သင်တန်းတို့ကိုလည်းကောင်း ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း။

၂၀၁၉ ခုနှစ်တွင် ဂျပန်ခရီးသွားဧည့်သည် သန်း ၂၀ ခန့်သည် ပြည်ပနိုင်ငံများသို့ သွားရောက်လည်ပတ်ခဲ့ပြီး ၎င်းတို့အနက် အာဆီယံဒေသသို့ ၅ ဒသမ ၆ သန်း ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံသို့ ဂျပန်ခရီးသွားဧည့်သည် တစ်သိန်းကျော်ခန့် လာရောက်လည်ပတ်ခဲ့ရာ ဂျပန်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ အဓိကဦးတည်ဈေးကွက်များအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ထို့အတွက် မြန်မာနှင့် ဂျပန်နိုင်ငံအကြား ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် ဂျပန်ခရီးသွားဧည့်သည်များအပေါ် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးစွမ်းနိုင်ရေးကို ရည်မှန်းပြီး ယနေ့ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အာဆီယံ-ဂျပန်ဗဟိုဌာနမှ အထွေထွေအတွင်းရေးမှူးချုပ် H.E. Dr. Kunihiko Hirabayashi က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံနှင့် အာဆီယံ-ဂျပန်ဗဟိုဌာနမှ တာဝန်ရှိသူများနှင့် ဂျပန်ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာဘာသာရပ်များအလိုက် ဆွေးနွေးပို့ချသည်။

ထို့ပြင် ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ (WTTC) ၏ ဦးဆောင်မှုဖြင့် ၂၀၂၂ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာခရီးသွားလုပ်ငန်းညီလာခံဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၉ မွန်းလွဲပိုင်း၌ ဆော်ဒီအာရေဗျနိုင်ငံ Riyadh မြို့၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင် ဦးဆောင်၍ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီဥက္ကဋ္ဌ Mr. Arnold Donald၊ ဆော်ဒီအာရေဗျနိုင်ငံ၊ ခရီးသွားလုပ်ငန်းဝန်ကြီး H.E. Ahmed Al Khateebနှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ၊ အမှုဆောင်အရာရှိချုပ် Ms. Julia Simpson တို့က အဖွင့်အမှာစကားပြောကြားကြသည်။ ယင်းနောက် 'ခရီးသွားခြင်းသည် ကမ္ဘာ့စီးပွားရေးအတွက် အဖြေတစ်ရပ်' ဟူသော ခေါင်းစဉ်အောက်တွင် ခေါင်းစဉ်ငယ်များခွဲ၍ စကားဝိုင်းဆွေးနွေးပွဲများပြုလုပ်ခဲ့ရာ ဆော်ဒီအာရေဗျနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုဝန်ကြီး၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့၊ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၊ နိုင်ငံတကာလေကြောင်းလိုင်းများမှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များမှ ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် 'ခရီးသွားခြင်းသည် ကမ္ဘာကြီးအတွက် အဖြေတစ်ရပ်' ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲများပြုလုပ်၍ ဆော်ဒီအာရေဗျနိုင်ငံ၊ စွမ်းအင်ဝန်ကြီး၊ အီဂျစ်နိုင်ငံခရီးသွားလုပ်ငန်းနှင့် ရှေးဟောင်းသုတေသနဝန်ကြီး၊ ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်း ဌာနအတွင်းဝန်နှင့် ကျွမ်းကျင်ပညာရှင်များမှ ပါဝင်ဆွေးနွေးကြသည်။

ဆက်လက်၍ 'ခရီးသွားခြင်းသည် ပိုမိုကောင်းမွန်သောအသက်မွေးဝမ်းကျောင်းအတွက် အဖြေတစ်ရပ်' ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးကြသည်။ ဆွေးနွေးမှုများအပြီးတွင် ညီလာခံ ပထမနေ့ကို ရုတ်သိမ်းခဲ့ပြီး ဒုတိယနေ့ကို အခမ်းအနားအစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Kyemon

## ခရီးသွားကဏ္ဍရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ထောက်ပံ့ရေး ကွင်းဆက်များ၏ အားသာချက်နှင့် အားနည်းချက်များကိုရှာဖွေဖော်ထုတ်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားကဏ္ဍရှိ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအနေဖြင့် ထောက်ပံ့ရေးဆိုင်ရာ ကွင်းဆက်များကို စနစ်တကျချိတ်ဆက်ဆောင်ရွက်ပြီး ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ နိုဝင်ဘာ ၂၅ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန၊ ကျောက်စိမ်းခန်းမ၌ ကျင်းပသော ခရီးသွားကဏ္ဍရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ထောက်ပံ့ရေးကွင်းဆက်များဆိုင်ရာ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးဒေါက်တာဌေးအောင် တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းသည် ကဏ္ဍစုံဖြင့် ဆက်စပ်လျက်ရှိကာ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများစွာဖြင့် ပါဝင်ဖွဲ့စည်းလည်ပတ်နေသော လုပ်ငန်းတစ်ခုဖြစ်ပြီး ယင်းလုပ်ငန်းများနှင့် ထောက်ပံ့ရေးဆိုင်ရာကွင်းဆက်များမှာလည်း ကျယ်ပြန့်သည့် သဘောသဘာဝရှိကြောင်း၊ ယင်းလုပ်ငန်းများ အားကောင်းခိုင်မာနေခြင်းက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေပြီး ခရီးသွားလုပ်ငန်းထွန်းကားလာခြင်းသည် MSMEs လုပ်ငန်းများနှင့် စွန့်ဦးတီထွင်သူများ ပေါ်ပေါက်လာရေးအတွက် အားပေးရာရောက်ကာ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရရှိစေမည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲမှ ခရီးသွားကဏ္ဍရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အနေဖြင့် ထောက်ပံ့ရေးကွင်းဆက်များ၏ အားသာချက်နှင့်အားနည်းချက်များကို ရှာဖွေဖော်ထုတ်၍ ထိထိရောက်ရောက် ဟန်ချက်ညီစွာ ယှဉ်တွဲအကောင်အထည်ဖော်နိုင်ရေးအတွက် အထောက်အပံ့များရရှိမည်ဟု ယုံကြည်ကြောင်း၊

ခရီးသွားလုပ်ငန်းသည် အခြားစီးပွားရေးလုပ်ငန်းများကဲ့သို့ ထုတ်လုပ်သူက စားသုံးသူသို့ ပို့ဆောင်ရခြင်းမျိုးမဟုတ်ဘဲ စားသုံးသူမှ ထုတ်လုပ်ရောင်းချသူသို့ လာရောက်ရခြင်းဖြစ်သည့်အတွက် မိမိတို့ဒေသ၏ ရိုးရာထုတ်ကုန်၊ လက်မှုအနုပညာများကို ကိုယ်တိုင်ဖော်ထုတ် တင်ဆက်ပြသနိုင်သော အားသာချက်များရှိကြောင်း၊ ယင်းအတွက်ထောက်ပံ့ရေး ကွင်းဆက်ဆိုင်ရာ စီမံခန့်ခွဲမှုပညာရပ်အား သိရှိနားလည်ထားကြရန် လိုအပ်ကြောင်း၊ ယနေ့ ဆွေးနွေးပွဲက ခရီးသွားကဏ္ဍနှင့် ထောက်ပံ့ရေးကွင်းဆက်များ၏ အရေးပါမှုများကို သိရှိနားလည်ပြီး ခရီးသွားကဏ္ဍရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ကြောင်းနှင့် တက်ရောက်လာကြသူများမှ တက်တက်ကြွကြွ ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။




ယင်းနောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက ခရီးသွားလုပ်ငန်းဆိုင်ရာ MSMEs လုပ်ငန်းများ၏ အရေးပါမှုများနှင့် စိန်ခေါ်မှုများအကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦးက ဆွေးနွေးပွဲသဘာပတိအဖြစ် ဆောင်ရွက်ကာ စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအိရွှေဇင်ထွန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန္တာခင်၊ အမျိုးသား စီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် ပါမောက္ခဒေါက်တာ သီဟထွန်းနှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခိုင်မီမီထွန်းနှင့် ဒေါ်မျိုးမျိုးသန်းတို့က MSMEs နှင့်ခရီးသွားလုပ်ငန်းထောက်ပံ့ရေးကွင်းဆက်များ၏ ဆက်နွယ်မှုများနှင့် သဘောသဘာဝများ၊ MSMEs ဖွံ့ဖြိုးရေးအတွက် မဟာဗျူဟာလုပ်ဆောင်မှု အစီအစဉ်များ၊ နိုင်ငံအလိုက်ချမှတ်ထားသော ညွှန်းကိန်းများနှင့် အကောင်အထည်ဖော်နိုင်မှု၊ ထောက်ပံ့ရေးကွင်းဆက်နှင့် ဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်နေမှုကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီးနောက် ဆွေးနွေးပွဲသဘာပတိက ဆွေးနွေးပွဲရလဒ်များကို သုံးသပ်ဖော်ထုတ်တင်ပြသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Kyemon

## ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ကဏ္ဍများရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးဦးတည်ကြိုးပမ်း

ချောင်းသာဒေသသို့ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်ဝင်ရောက်မှုသည် နှစ်သိန်းငါးသောင်းရှစ်ထောင်ကျော်ရှိခဲ့ပြီး ယခင်နှစ်လားတူကာလတွင် ခြောက်သောင်းခြောက်ထောင်ကျော်သာ ဝင်ရောက်ခဲ့ပါကြောင်း၊ ထို့အတူ ငွေဆောင်ဒေသသို့ ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ပြည်တွင်းပြည်ပခရီးသွားဧည့်သည် နှစ်သိန်းတစ်သောင်းခန့် ဝင်ရောက်ခဲ့ပြီး ယခင်နှစ် အလားတူကာလတွင် လေးသောင်းတစ်ထောင့်ငါးရာခန့်သာ ဝင်ရောက်ခဲ့သည့်အတွက် ယခုနှစ်၏ တိုးတက်လာမှုကို သိမြင်နိုင်ပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်ကဏ္ဍများရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာရေး ဦးတည်ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၁၉ မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အတူ ချောင်းသာကမ်းခြေဒေသရှိ AZURA ဟိုတယ်တွင် ငွေဆောင်နှင့် ချောင်းသာကမ်းခြေဒေသတို့ရှိ ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဟိုတယ်လုပ်ငန်းများအနေဖြင့် တိုးတက်လာမည့် ခရီးသွားဧည့်သည်များအတွက် ဝန်ဆောင်မှုအရည်အသွေး ကောင်းမွန်ရန် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာခရီးသွားများပိုမိုရောက်ရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့်သာမက ရုရှားနိုင်ငံမှ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရေးအတွက် ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများကို အစိုးရချင်းသာမက ပုဂ္ဂလိကကဏ္ဍပါပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရီးသွားဧည့်သည်များ၏ ဓလေ့စရိုက်နှင့် နှစ်သက်မှုကို ပိုမိုသိရှိနားလည်ရန် သုတေသနပြုမှုများကိုလည်း ဆောင်ရွက်ထားကြရန် လိုအပ်ပါကြောင်းမှာကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိနှင့်ပြီးသော ခရီးသွားဆွဲဆောင်ရာနေရာများကို ပိုမိုတိုးချဲ့အဆင့်မြှင့်တင်သွားရန် လိုအပ်ပါကြောင်း၊ အလားတူကမ်းခြေဒေသများနှင့် အခြားဒေသများတွင် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာရေး သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။


ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့က ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ထားရှိသော ဟိုတယ်များအား HSP– နိုင်ငံအဆင့် အသိအမှတ်ပြုတံဆိပ်များကို ပေးအပ်ကြသည်။ ထို့နောက် ချောင်းသာကမ်းခြေဒေသမှ လုပ်ငန်းရှင်တစ်ဦးနှင့် ငွေဆောင်ဒေသမှ လုပ်ငန်းရှင်တစ်ဦးတို့က လုပ်ငန်းဆောင်ရွက်နေမှုနှင့် ကူညီဆောင်ရွက်ပေးစေလိုသည့်ကိစ္စရပ်များကို တင်ပြကြရာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၂၀ နံနက်ပိုင်းတွင် ပုသိမ်မြို့ရှိ ပုသိမ်ဟိုတယ်၌ ကျင်းပသည့် ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ထားရှိသော ဟိုတယ်များကို HSP– နိုင်ငံအဆင့်အသိအမှတ်ပြုတံဆိပ်များကို ပေးအပ်ကာ ဒေသခံလုပ်ငန်းရှင်တစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုကိုတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

(သတင်းစဉ်) Source From: Myanma Alinn

## မြန်မာ- ရုရှား နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရုရှားနိုင်ငံအစိုးရပိုင်းနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ



မြန်မာ-ရုရှား နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရုရှားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်စေရေး၊ ရုရှားခရီးသွားဧည့်သည်များကို ကောင်းမွန်သောဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးတို့ကိုရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ရုရှားနိုင်ငံအစိုးရပိုင်းနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် နိုဝင်ဘာ ၁၈ နံနက်ပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ ဝန်ကြီးဌာနများမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာသင်ကြားခဲ့သော နိုင်ငံ့ဝန်ထမ်းများနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဒုတိယအကြိမ်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံသည် ပထဝီအနေအထားအရ အလှမ်းကွာဝေးသော်လည်း လေကြောင်းလိုင်းများ ပြေးဆွဲပျံသန်းနိုင်ရေး ဆောင်ရွက်နိုင်မည်ဆိုပါက ရုရှားခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ရေးအတွက် များစွာအထောက်အပံ့ဖြစ်နိုင်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအကြောင်း ရုရှားပြည်သူများ ပိုမိုသိရှိစေရန်အတွက် ရုရှားနိုင်ငံ၏ URAL Airline In-Flight မဂ္ဂဇင်းတွင် မြှင့်တင်ကြော်ငြာနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ရုရှားနိုင်ငံနှင့် ခရီးသွားမြှင့်တင်ရေးအစီအစဉ်တစ်ရပ်အနေနှင့် ချစ်ကြည်ရေးခရီးစဉ်များကို ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်ရှိကြောင်းပြောကြားသည်။

ထို့အပြင် ရုရှားနိုင်ငံတွင် ကျင်းပမည့် ခရီးသွားပြပွဲများတွင်လည်း ဝန်ကြီးဌာနနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များပူးပေါင်းပြီး ပါဝင်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံတွင်ပညာသင်ယူခဲ့ကြသူများအနေဖြင့် ဝန်ကြီးဌာနမှ ရုရှားခရီးသွားဈေးကွက်မြှင့်တင်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များတွင် ဝိုင်းဝန်းကူညီအကြံပြုပေးကြရန်နှင့် မိမိတို့တွင်အစီအစဉ်များရှိပါကလည်း ဝန်ကြီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ တက်ရောက်လာကြသူများက ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များ၊ ရုရှားဘာသာစကားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုနှင့် ရုရှားခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ လာရောက်လည်ပတ်နိုင်ရေးအတွက် ပံ့ပိုးကူညီနိုင်မည့် အကြံပြုချက်များကို တင်ပြကြသည်။

ယင်းနောက်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များက နှစ်နိုင်ငံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာပြည်ထောင်စုဝန်ကြီးက အကြံပြုတင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Kyemon

## မြန်မာ-တရုတ် ခရီးသွားဧည့်လမ်းညွှန်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ တရုတ်ဘာသာစကားပြောဧည့်လမ်းညွှန်များကို ဘာသာစကားစွမ်းရည်ကျွမ်းကျင်မှု အထောက်အပံ့ဖြစ်စေမည်



နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲခွင့်ပြုခြင်းနှင့် ဗီဇာကင်းလွတ်ခွင့်များ ဆောင်ရွက်ပေးခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ နိုင်ငံပေါင်း ၉၀ ကျော်မှ ခရီးသွားဧည့်သည်များ လာရောက်ခဲ့ကြောင်း၊ ထို့ပြင် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ကို အာဆီယံရှစ်နိုင်ငံကို ခွင့်ပြုပေးခဲ့ပြီး နိုင်ငံပေါင်း ၁၀၀ကျော်ကိုလည်း အီလက်ထရွန်နစ်စနစ်ဖြင့် ဗီဇာများ ခွင့်ပြုပေးလျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်က ပြောကြားသည်။

နိုဝင်ဘာ ၁၅ နံနက်ပိုင်းက Hybrid စနစ်ဖြင့် အဆိုပါ ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည့် မြန်မာ- တရုတ် ခရီးသွားဧည့်လမ်းညွှန်သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါသင်တန်းကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ တရုတ်နိုင်ငံယဉ်ကျေးမှုနှင့်ခရီးသွားလာရေးဝန်ကြီးဌာနရှိ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဗျူရိုနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့ ပူးပေါင်းစီစဉ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသား ၅၈ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်းနှင့် နိုဝင်ဘာ ၁၅ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် က ယခုသင်တန်းမှာ တရုတ်ခရီးသွားဈေးကွက်အတွက် တရုတ်ဘာသာစကားပြောဧည့်လမ်းညွှန်များကို ဘာသာစကားစွမ်းရည်ကျွမ်းကျင်မှုရှိပြီး ဝန်ဆောင်မှုကောင်းများပေးနိုင်ရန် အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း၊ လက်ရှိတွင် တရုတ်ဘာသာစကားသင်တန်းများကို အွန်လိုင်း၊ အော့ဖ်လိုင်းစနစ်ဖြင့် ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ခရီးသွားလုပ်ငန်းနယ်ပယ်ရှိ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး တရုတ်-မြန်မာချစ်ကြည်ရေးပညာသင်ဆုများကို တက္ကသိုလ်နှင့်ကောလိပ်တို့မှ ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုဘာသာရပ်ကို လေ့လာသင်ယူနေကြသည့် ထူးချွန်ကျောင်းသား ၄၀ ကိုပေးအပ်ခဲ့ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းပါဝင်ကူညီပံ့ပိုးပေးနေခြင်းကို အထူးကျေးဇူးတင်ရှိကြောင်း ဆက်လက်ပြောကြားသည်။

ထို့ပြင် တရုတ်နိုင်ငံယဉ်ကျေးမှုနှင့်ခရီးသွားလာရေးဝန်ကြီးဌာန နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဗျူရိုမှ First Level Inspector မစ္စတာကျန်ရှိုးလုံနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီးမစ္စချောင်ကျင်းတို့က အမှာစကားပြောကြားကြပြီး ရှန့်ဟိုင်ယုကီ ယဉ်ကျေးမှုခရီးသွားလုပ်ငန်း နည်းပညာဝန်ဆောင်မှုကုမ္ပဏီ ဒုတိယအထွေထွေ မန်နေဂျာ မစ္စကောင်းဟန်(န်)က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ပွားမီ မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည် အများဆုံးလာရောက်သော နိုင်ငံများထဲတွင် တရုတ်နိုင်ငံပါဝင်ခဲ့ပြီး ခရီးသွား လုပ်ငန်းများ ပြန်လည်ဖွင့်လှစ်သည့် အချိန်တွင်လည်း တရုတ်ခရီးသွား ဧည့်သည်များ အများဆုံးဝင်ရောက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်) Source From: Myanmar Alin

## (၅) ကြိမ်မြောက် အက်ခ်မက်(ACMECS) ခရီးသွားလုပ်ငန်း ဝန်ကြီးများအဆင့် အစည်းအဝေး၊ (၆) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ (CLMV) ခရီးသွားလုပ်ငန်းဝန်ကြီးများ အဆင့်နှင့် ဆက်စပ်အစည်းအဝေးများကျင်းပ




ဧရာဝတီ၊ ကျောက်ဖရား၊ မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာ ဗျူဟာအရ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည့် (၅)ကြိမ်မြောက် အက်ခ်မက်(ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီး အဆင့်အစည်းအဝေး၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်တို့ ပါဝင် သည့် (၆) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ (CLMV) ခရီးသွားလုပ်ငန်းဝန်ကြီး အဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို နိုဝင်ဘာ ၂ ရက်မှ ၃ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ရိမြို့၊ ဘိုရေးအန်ကောဟိုတယ်၌ ကျင်းပ ရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာဌေးအောင် ဦးဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၂ ရက် ညနေပိုင်းတွင် ဆီရမ်ရိမြို့သို့ ရောက်ရှိပြီး ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်ခရီးသွားလုပ်ငန်း ဝန်ကြီးများနှင့်အတူ ကြိုဆိုဧည့်ခံခြင်း အခမ်းအနားသို့ တက်ရောက်ပြီး Pub Street နှင့် Night Market ပြင်ဆင်ဖွင့်လှစ်မှုများနှင့် ခရီးသွားဧည့်သည်များ လာရောက်နေမှုကို လေ့လာကြည့်ရှုကြသည်။

ခရီးသွားလုပ်ငန်းဝန်ကြီးအဆင့်အစည်းအဝေး နိုဝင်ဘာ ၃ ရက် နံနက်ပိုင်း တွင် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီး ဌာန ဝန်ကြီး Dr. Thong Khon၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့်အတူ (၅) ကြိမ်မြောက် အက်ခ်မက် (ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးအဆင့်အစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။

အဆိုပါ နံနက်ပိုင်းအစည်းအဝေးများမစတင်မီ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN က ဗီဒီယိုမက်ဆေ့ ဖြင့် ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ထို့နောက် (၅) ကြိမ်မြောက် အက်ခ်မက် (ACMECS) ခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပရာ (၉) ကြိမ်မြောက် အက်ခ်မက်ထိပ်သီးအစည်းအဝေး လမ်းညွှန်ချက်များအရ ခရီးသွားလုပ်ငန်း ကဏ္ဍအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ဒေသတွင်း ခရီးသွားလုပ်ငန်းပြန်လည်ဖွင့်လှစ်နေမှုနှင့် ခရီးသွားဧည့်သည်ရောက်ရှိမှုများ၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်း ခရီးသွားဧည့်သည်များ အပြန်အလှန်သွားလာ လည်ပတ်မှုများ၊ အက်ခ်မက်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း စီမံချက် (၂၀၂၃-၂၀၂၅)အရ အဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်း ဈေးကွက် မြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာဆွဲဆောင်မှုများ တိုးမြှင့်ရေး၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းအချက်အလက် အပြန်အလှန် ဖလှယ်ရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာကွန်ရက်နှင့် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေး တို့အတွက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့် အက်ခ်မက်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု ဆီရမ်ရိကြေညာစာတမ်း အပါအဝင် အက်ခ်မက်အရာရှိကြီးများ အစည်းအဝေး၏ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာတို့ကို ဆွေးနွေးအတည်ပြုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၅) ကြိမ်မြောက် အက်ခ်မက်ခရီး သွားလုပ်ငန်းဝန်ကြီးများ သတင်းစာရှင်းလင်းပွဲသို့ ပါဝင်တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်မှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ (၆) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ (CLMV) ခရီးသွားလုပ်ငန်းဝန်ကြီးအဆင့် အစည်းအဝေးနှင့် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်းဝန်ကြီးများ သတင်းစာ ရှင်းလင်းပွဲသို့ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးတွင် (၁၀) ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီး အစည်းအဝေးလမ်းညွှန်ချက်များအရ ခရီးသွားလုပ်ငန်းကဏ္ဍအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ စီအယ်လ်အမ်ဗွီ ခရီးသွား လုပ်ငန်းပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၂)အရ အဖွဲ့ဝင် နိုင်ငံများ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ နှင့် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံချက် (၂၀၂၃-၂၀၂၅)အရ ဒေသတွင်းခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံများနှင့် ပုဂ္ဂလိကကဏ္ဍ ပါဝင်စေရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး ရေ့လုပ်ငန်းစဉ်များအပါအဝင် စီအယ်လ်အမ်ဗွီ အရာရှိကြီးများအစည်းအဝေး ၏ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာတို့ကို ဆွေးနွေးအတည်ပြုကြသည်။

အဆိုပါ ဝန်ကြီးအဆင့်အစည်းအဝေးများတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ပြည်တွင်း ပြည်ပခရီးသွားလုပ်ငန်းများပြန်လည်ဖွင့်လှစ်မှု၊ ဗီဇာခွင့်ပြုပေးမှုနှင့် ခရီးသွားဧည့်သည်ဝင်ရောက်မှုများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်နေမှုများ၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် MSMEs လုပ်ငန်းများ၏အရေးပါမှု၊ ဒေသတွင်းခရီးသွားလုပ်ငန်းများ မြှင့်တင်ရေး အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့် ဆောင်ရွက်နိုင်ရေး အကြံပြုချက်များနှင့် အက်ခ်မက်နှင့် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံချက်များအရ မြန်မာနိုင်ငံမှ ဆောင်ရွက် ထားရှိမှုများနှင့် ကိုဗစ်-၁၉ အလွန်ကာလဒေသတွင်း ခရီးသွားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး အစိုးရ၊ ပုဂ္ဂလိကအပါအဝင်ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးပြောကြားခဲ့သည်။

ညနေပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည်အဖွဲ့ဝင်နိုင်ငံများမှခရီးသွားလုပ်ငန်း ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်းရှင်များ အတွက် တည်ခင်းဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်သည်။

ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးမတိုင်မီ နိုဝင်ဘာ ၂ ရက်တွင် (၅) ကြိမ်မြောက် အက်ခ်မက်နှင့် (၆) ကြိမ်မြောက် စီအယ်လ်အမ်ဗွီခရီးသွား လုပ်ငန်း အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးများကို ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

အဆိုပါနေ့ ညနေပိုင်းတွင် အက်ခ်မက်နှင့် စီအယ်လ်အမ်ဗွီအဖွဲ့ဝင်နိုင်ငံ များရှိ ခရီးသွားလုပ်ငန်းအရာရှိများ၊ ကျွမ်းကျင်ပညာရှင်များ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် ပညာရေးနယ်ပယ်မှ ပညာရှင်များ ပါဝင်သည့် “အက်ခ်မက်နှင့် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်းဆွေးနွေးပွဲ” ကို ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်) Source From: Myanmar Alin

## ယူနန်ပြည်နယ် မန်စီနှင့် မန္တလေးမြို့အကြား တိုက်ရိုက်လေကြောင်းပြေးဆွဲမှု ပြန်လည်စတင်



ကိုဗစ်-၁၉ကပ်ရောဂါကြောင့် ရပ်နားထားခဲ့သော Ruili လေကြောင်းလိုင်း၏ မန္တလေး-မန်စီ-မန္တလေး (DR-503) ခရီးစဉ်သည် ဇန်နဝါရီလ ၂၁ တွင် ယူနန်ပြည်နယ် မန်စီမြို့မှ မန္တလေးမြို့သို့ ပထမဦးဆုံးသော ခရီးစဉ်အဖြစ် ပြန်လည်ပြေးဆွဲခဲ့ကာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး) သို့ ညနေ ၄ နာရီ မိနစ် ၅၀ တွင် ဆိုက်ရောက်ခဲ့သည်။

အဆိုပါ ခရီးစဉ်တွင် တရုတ်နိုင်ငံသား ၂၆ ဦး ၊ မြန်မာနိုင်ငံသား ၂ ဦး၊ စုစုပေါင်း ၂၈ ဦး လိုက်ပါခဲ့ကြပြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် MJas (Mitsubishi Cooperation-Jalux) Airport Services Co.,Ltd မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး လိုက်ပါလာသည့် ခရီးသွားဧည့်သည်များ သွားလာလည်ပတ်ရာတွင် အဆင်ပြေစေရေးအတွက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန သတင်းပြန်ကြားရေးကောင်တာ၌ ခရီးသွားဆိုင်ရာ သတင်းအချက်အလက်များအား ရှင်းလင်းပြောကြားပြီး အထောက်အကူပြုလက်ကမ်းစာစောင်များ၊ QR Code များကို ဖြန့်ဝေပေးသည်။

အဆိုပါ လေယာဉ်ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး)မှ မန်စီမြို့သို့ တရုတ်နိုင်ငံသား ၂၅ ဦး၊ မြန်မာနိုင်ငံသား ၆ ဦး၊ စုစုပေါင်း ၃၁ ဦး လိုက်ပါ၍ ညနေ ၅ နာရီ မိနစ် ၄၀ တွင် ပြန်လည်ထွက်ခွာသွားသည်။

Ruili လေကြောင်းလိုင်းအနေဖြင့် မန်စီ-မန္တလေး-မန်စီ လေကြောင်းခရီးစဉ်ကို တစ်ပတ်လျှင် သုံးရက်နှုန်း အင်္ဂါ၊ ကြာသပတေး၊ စနေနေ့များတွင် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Myanmar Alin

## လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများဖွင့်လှစ်ထားမှု၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမှု၊ ပြည်ပဧည့်သည်လာရောက်မှုနှင့် ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ်အသုံးပြုမှု အခြေအနေများ

ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာတစ်ဝှမ်းရှိ ခရီးသွားလုပ်ငန်းများ အကြပ်အတည်းနှင့်ရင်ဆိုင်ခဲ့ပြီး မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါ ၏ သက်ရောက်မှုကြောင့် စီးပွားရေးလုပ်ငန်းများထိခိုက်ခဲ့ရကာ ခရီးသွားလုပ်ငန်းများမှာလည်း အခက်အခဲများ၊ စိန်ခေါ်မှုများနှင့်ကြုံတွေ့ခဲ့ရပါသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ယာယီရပ်နားခဲ့ရသည့် ခရီးသွားလုပ်ငန်းများ အမြန်ဆုံးစတင်နိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အကြီးအကဲထံတင်ပြ၍ ဆက်စပ်ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများနှင့်ပူးပေါင်း၍ အစဉ်တစိုက်နည်းလမ်းရှာကြံပေးဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းခရီးသွားမြန်မာပြည်အနှံ့ရှိ ခရီးစဉ်ဒေသအသီးသီးသို့ ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်၊ သတ်မှတ်ချက်များနှင့်အညီ သွားလာလည်ပတ်လျက်ရှိနေပြီဖြစ်ပါသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု၊ ပြန့်ပွားမှုကို ထိန်းချုပ်လာနိုင်ပြီး ရောဂါဖြစ်ပွားမှုမှာ ၂ ရာခိုင်နှုန်းအောက် လျော့နည်းလာခြင်းကြောင့် ၁၇-၄-၂၀၂၂ ရက်နေ့တွင် နိုင်ငံတကာလေကြောင်းလိုင်းများ ဆင်းသက်ခွင့်ပြုခဲ့ပြီး Commercial Flight များလည်း နေ့စဉ်ဆင်းသက်နေပြီဖြစ်ပါသည်။

အလားတူ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ပိုမိုတိုးတက်ကောင်းမွန်လာပြီး ရောဂါဖြစ်ပွားမှုနှုန်းများ လျော့နည်းကျဆင်းလာသည့်အတွက် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍအား အထောက်အကူပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် Online e-Visa တွင်ပါဝင်သော visa အမျိုးအစားတစ်မျိုးဖြစ်သည့် e-Visa(Tourist) ထပ်မံတိုးမြှင့်ဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ မြန်မာ့အာမခံလုပ်ငန်း၏ ကိုဗစ်-၁၉ ကျန်းမာရေးအကာအကွယ်ပါရှိသော အသက်အာမခံပေါ်လစီ ဝယ်ယူထားရှိသည့် နိုင်ငံခြားသား ခရီးသွားများအား Online e-Visa (Tourist) လျှောက်ထားရယူလာရောက်နိုင်ရန်အတွက် ၂၀-၅-၂၀၂၂ ရက်နေ့မှစ၍ စတင်ခွင့်ပြုဆောင်ရွက်လျက်ရှိခဲ့ရာ ၂၄-၅-၂၀၂၂ ရက်နေ့မှစ၍ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်လျက်ရှိပါသည်။

ထို့အပြင် လိုင်စင်ရခရီးသွား ကုမ္ပဏီများ၏ စီစဉ်မှုဖြင့် လာရောက်သော ကမ္ဘာလှည့်ခရီးသည်များအား ခရီးစဉ်အဆင်ပြေချောမွေ့စေရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ၃-၁-၂၀၂၃ ရက်နေ့အထိ ကမ္ဘာလှည့်ခရီးသည်ပေါင်း (၁၅၃၆) ဦး၏ ခရီးစဉ်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး ဆောင်ရွက်ခဲ့မှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှုစာရင်း (၃၁-၁၂-၂၀၂၂)အထိ**

| စဉ် | လိုင်စင်အမျိုးအစား | (၃၀-၉-၂၀၂၂) ထိ အရေအတွက် |
|---|---|---|
| ၁ | ဟိုတယ်လုပ်ငန်း | ၁၆၆၁(လုံး) |
| | | ၈၁၆၃၅ (ခန်း) |
| ၂ | တည်းခိုရိပ်သာလုပ်ငန်း | ၆၇၀(လုံး) |
| | | ၁၃၂၂၅(ခန်း) |
| | စုစုပေါင်း(ဟိုတယ်+တည်းခိုရိပ်သာ) | ၂၃၃၁(လုံး) |
| | | ၉၄၈၆၀(ခန်း) |
| ၃ | ခရီးလှည့်လည်ရေးလုပ်ငန်း | |
| | (က) ပြည်တွင်း/ပြည်ဝင် | ၃၀၀၁(ခု) |
| | (ခ ) ပြည်ပ | ၈၃၄(ခု) |
| ၄ | ဧည့်လမ်းညွှန်လုပ်ငန်း | ၇၁၄၇(ခု) |
| | (က)ဧည့်လမ်းညွှန် | ၄၅၇၄(ခု) |
| | (ခ ) ဒေသဆိုင်ရာဧည့်လမ်းညွှန် | ၂၅၇၃(ခု) |

**ဟိုတယ်နှင့်တည်းခိုရိပ်သာများ စစ်ဆေးပြီး ပြန်လည်ဖွင့်လှစ်သည့်စာရင်း (၂-၁-၂၀၂၂)**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စာရင်းရှိ ဟိုတယ်/ တည်းခိုရိပ်သာအရေအတွက် | စတင်စစ်ဆေးသည့်ရက် | စစ်ဆေးပြီး နောက်ဖွင့်လှစ်သည့် ဟိုတယ်/ တည်းခိုရိပ်သာ အရေအတွက် | ပိတ်သိမ်းခြင်း မရှိဘဲ ဖွင့်လှစ်ထားသည့် စာရင်း(မစစ်ဆေးရသေး) |
|---|---|---|---|---|---|
| ၁ | နေပြည်တော် ကောင်စီနယ်မြေ | ၉၉ | ၂၉-၄-၂၀၂၀ | ၇၆ | - |
| ၂ | ရန်ကုန်တိုင်း ဒေသကြီး | ၄၈၄ | ၂၄-၆-၂၀၂၀ | ၃၂၆ | - |
| ၃ | မန္တလေးတိုင်း ဒေသကြီး | ၅၈၂ | ၂၅-၇-၂၀၂၀ | ၃၂၆ | - |

| | | | | | |
|---|---|---|---|---|---|
| ၄ | ပဲခူးတိုင်းဒေသကြီး | ၉၈ | ၃၀-၆-၂၀၂၀ | ၉၂ | ၆ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆၂ | ၁၂-၅-၂၀၂၀ | ၄၆ | - |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၅၆ | ၅-၅-၂၀၂၀ | ၄၁ | - |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၁ | ၂၀-၅-၂၀၂၀ | ၁၀၆ | - |
| ၈ | မကွေးတိုင်းဒေသကြီး | ၅၇ | ၉-၅-၂၀၂၀ | ၄၅ | - |
| ၉ | ကချင်ပြည်နယ် | ၆၁ | ၁၂-၆-၂၀၂၀ | ၄၆ | ၁၂ |
| ၁၀ | ကယားပြည်နယ် | ၃၃ | ၂၅-၅-၂၀၂၀ | ၇ | - |
| ၁၁ | ကရင်ပြည်နယ် | ၅၆ | ၂၇-၅-၂၀၂၀ | ၅၃ | - |
| ၁၂ | ချင်းပြည်နယ် | ၁၃ | ၁-၆-၂၀၂၀ | - | - |
| ၁၃ | မွန်ပြည်နယ် | ၇၉ | ၃၀-၆-၂၀၂၀ | ၆၃ | ၂ |
| ၁၄ | ရခိုင်ပြည်နယ် | ၁၀၂ | ၂၆-၅-၂၀၂၀ | ၈၄ | - |
| ၁၅ | ရှမ်းပြည်နယ် | ၄၂၈ | ၁၉-၅-၂၀၂၀ | ၃၂၄ | - |
| **ပေါင်း** | | **၂၃၃၁** | **-** | **၁၆၃၅** | **၂၀** |
| | | **၂၃၃၁** | **-** | **၁၆၅၅** | |

**နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများမှ ဝန်ထမ်းများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးမှုအခြေအနေ (၂-၁၀-၂၀၂၂)**

| စဉ် | အကြောင်းအရာ | ဝန်ထမ်း ဦးရေ | ကာကွယ်ဆေးထိုးပြီး |
|---|---|---|---|
| ၁ | ဟိုတယ်/တည်းခိုရိပ်သာ | ၃၉၃၁၀ | ၃၉၃၃၉ |
| ၂ | ခရီးသွားကုမ္ပဏီ | ၇၆၄၃ | ၅၃၆၉ |
| ၃ | ဧည့်လမ်းညွှန် | ၇၇၃၃ | ၃၄၇၅ |
| **စုစုပေါင်း** | | ၅၄၆၇၆ | ၄၇၉၈၃ |

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှပေးပို့သောစာရင်းများအရ မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှုစာရင်း**

| စဉ် | အကြောင်းအရာ | ၂၀၂၁ ဇန်နဝါရီလမှ ဒီဇင်ဘာလ | ၂၀၂၂ ဇန်နဝါရီလမှ ဒီဇင်ဘာလ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁<br>၂<br>၃ | လေကြောင်းဖြင့်ဝင်ရောက်သူများ<br>သင်္ဘောဖြင့်ဝင်ရောက်သူများ<br>နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိဝင်ရောက်သူများ | **၁၈၅၅၈**<br>**၈၁၈**<br>- | **၉၀၈၅၉**<br>**၁၁၆၆**<br>- | **၇၂၃၀၁**<br>**၃၄၈**<br>- | **(+)၃၉၀%**<br>**(+) ၄၃%**<br>- |
| **ဗီဇာဖြင့်ဝင်ရောက်သူပေါင်း** | | **၁၉၃၇၆** | **၉၂၀၂၅** | **၇၂၆၄၉** | **(+)၃၇၅%** |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ(EP, BP,TBP) | ၁၁၁၅၇၁ | **၁၄၁၄၆၂** | **၂၉၈၉၁** | **(+)၂၇%** |
| **စုစုပေါင်း** | | **၁၃၀၉၄၇** | **၂၃၃၄၈၇** | ၁၀၂၅၄၀ | **(+)၇၈%** |

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍကို ထိခိုက်စေခဲ့တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ သက်ရောက်မှုများကို တုံ့ပြန်ဖြေရှင်းနိုင်ရန်အတွက် ဝန်ကြီးဌာနက ရေးဆွဲထားသည့် မြန်မာနိုင်ငံခရီးသွားကဏ္ဍ ပြန်လည်ထူထောင်ရေး မဟာဗျူဟာလမ်းပြမြေပုံ (Myanmar Tourism Strategic Recovery Roadmap – MTSRR) ၏ လတ်တလော ဦးစားပေးဆောင်ရွက်ရမည့် အခန်းကဏ္ဍတွင် "မြန်မာနိုင်ငံကို ဘေးကင်းလုံခြုံသော ခရီးစဉ်ဒေသတစ်ခုအဖြစ် စိတ်ချယုံကြည်မှုများဖြစ်ပေါ်လာစေရန်နှင့် ကျန်းမာရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်" သည် လတ်တလောဦးစားပေး မဟာဗျူဟာတစ်ရပ်အနေဖြင့် ပါရှိသောကြောင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအား ကိုဗစ်-၁၉ Safe Service အသိအမှတ်ပြုတံဆိပ်များ စနစ်တကျသတ်မှတ်ပေးအပ်နိုင်ရန်နှင့် ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံသည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းပုံရိပ်ကို မြှင့်တင်ပေးရန်အတွက် "Enchanting Myanmar Health and Safety Protocol" အစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၃၁-၁၂-၂၀၂၂ ရက်နေ့အထိ Enchanting Myanmar Health and Safety Protocol Websiteတွင် ဝင်ရောက်လျှောက်ထားသည့် ဟိုတယ် (၄၈၃)လုံးရှိပြီး ယာယီအသိအမှတ်ပြုလက်မှတ်ထုတ်ပေးပြီး ဟိုတယ်(၃၈၉)လုံးရှိပါသည်။ ယာယီခွင့်ပြုဟိုတယ် (၃၈၉)လုံးအနက် (၃၂၆)လုံးကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များမှ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ပြီး ထောက်ခံတင်ပြလာခြင်းအပေါ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့ဝင်များ၏ သဘောတူညီချက်ဖြင့် နိုင်ငံအဆင့် အသိအမှတ်ပြု HSP Plaque များလည်း ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေးအတွက် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ယုံကြည်စိတ်ချရသည့် ခရီးသွားဝန်ဆောင်မှုများဖြစ်ပေါ်လာစေရေး HSP Website: www.hsp.tourism.gov.mm သို့ ဝင်ရောက်လေ့လာပြီး လျှောက်ထားရယူနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဒေသအဆင့် (Regional Level) အသိအမှတ်ပြုလက်မှတ်ထုတ်ပေးပြီးစီးသည့် လုပ်ငန်းများစာရင်း (၃၁-၁၂-၂၀၂၂)**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရှိရင်းအလုံး အရေအတွက် | အသိအမှတ်ပြုလက်မှတ် ရရှိသည့်အရေအတွက် |
|---|---|---|---|
| ၁ | နေပြည်တော်ပြည်ထောင်စုနယ်မြေ | ၉၉ | ၉၉ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | ၄၈၄ | ၂၀၀ |
| ၃ | မန္တလေးတိုင်းဒေသကြီး | ၅၈၂ | ၄၃၄ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၉၈ | ၉၂ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆၂ | ၅၄ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၅၆ | ၄၁ |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၁ | ၉၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၅၇ | ၅၀ |
| ၉ | ကချင်ပြည်နယ် | ၆၁ | ၄၆ |
| ၁၀ | ကယားပြည်နယ် | ၃၃ | ၃၃ |
| ၁၁ | ကရင်ပြည်နယ် | ၅၆ | ၅၅ |
| ၁၂ | ချင်းပြည်နယ် | ၁၃ | ၁၀ |
| ၁၃ | မွန်ပြည်နယ် | ၇၉ | ၆၇ |
| ၁၄ | ရခိုင်ပြည်နယ် | ၁၀၂ | ၈၄ |
| ၁၅ | ရှမ်းပြည်နယ် | ၄၂၈ | ၃၄၈ |
| **စုစုပေါင်း** | | **၂၃၃၁** | **၁၇၁၁** |

**HSP Website တွင်National Level အသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ဟိုတယ်နှင့်တည်းခိုရိပ်သာများစာရင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေ (၃၀-၁၂-၂၀၂၂) ရက်နေ့**

| စဉ် | နေပြည်တော် တိုင်းဒေသကြီး/ ပြည်နယ် | လျှောက်ထားလာမှု | Website တွင် Online မှယာယီ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားမှု | Online Approve များ အနက် Plaque ထုတ်ပေးထားမှု | Online Approve များ အနက် Plaque မရရှိသေးသည့် ဟိုတယ်/ တည်းခိုရိပ်သာများ | ဆောင်ရွက်ဆဲ ဟိုတယ်/ တည်းခိုရိပ်သာများ | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လိုင်စင်ရ ဟိုတယ်/ တည်းခိုရိပ်သာများ စာရင်း | လျှောက်ထားမှု ရာခိုင်နှုန်း (%) |
|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | **၅၃** | ၄၄ | ၄၃ | ၁ | ၉ | ၉၉ | **၅၄** |
| ၂ | မန္တလေး | **၄၆** | ၃၀ | ၁၆ | ၁၄ | ၁၆ | ၅၈၂ | **၈** |
| ၃ | ရန်ကုန် | **၇၈** | ၇၂ | ၆၃ | ၉ | ၆ | ၄၈၄ | **၁၆** |
| ၄ | ပဲခူး | **၉** | ၆ | ၅ | ၁ | ၃ | ၉၈ | **၉** |
| ၅ | စစ်ကိုင်း | **၁၆** | ၁၀ | ၁ | ၉ | ၆ | ၆၂ | **၂၆** |
| ၆ | တနင်္သာရီ | **၂၅** | ၁၃ | ၁၃ | ၀ | ၁၂ | ၅၆ | **၄၅** |
| ၇ | ဧရာဝတီ | **၁၉** | ၁၂ | ၁၂ | ၀ | ၇ | ၁၂၁ | **၁၆** |
| ၈ | မကွေး | **၁၈** | ၁၇ | ၁၇ | ၀ | ၁ | ၅၇ | **၃၂** |
| ၉ | ကချင် | **၂** | ၂ | ၀ | ၂ | ၀ | ၆၁ | **၃** |
| ၁၀ | ကယား | **၀** | ၀ | ၀ | ၀ | ၀ | ၃၃ | **၀** |
| ၁၁ | ကရင် | **၄၁** | ၃၂ | ၂၄ | ၈ | ၉ | ၅၆ | **၇၃** |
| ၁၂ | ချင်း | **၀** | ၀ | ၀ | ၀ | ၀ | ၁၃ | **၀** |
| ၁၃ | ရခိုင် | **၁၃** | ၆ | ၅ | ၁ | ၇ | ၁၀၂ | **၁၃** |
| ၁၄ | ရှမ်း | **၁၃၄** | ၁၁၈ | ၁၀၁ | ၁၇ | ၁၆ | ၄၂၈ | **၃၁** |
| ၁၅ | မွန် | **၂၉** | ၂၇ | ၂၆ | ၁ | ၂ | ၇၉ | **၃၇** |
| စုစုပေါင်း | | **၄၈၃** | **၃၈၉** | **၃၂၆** | **၆၃** | **၉၄** | **၂၃၃၁** | ၂၁ |

ပြည်တွင်း၊ ပြည်ပခရီးသွားများ၏ တည်းခိုနေထိုင်မှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို အချိန်နှင့်တပြေးညီ မှတ်တမ်းတင်နိုင်ရန်၊ ဧည့်သည်စာရင်းစီမံခန့်ခွဲမှုစနစ်-Guest List Management System (GLMS) ကို အဆင့်မြှင့်တင်၍ တစ်နိုင်ငံလုံးရှိ ဟိုတယ်၊ တည်းခိုရိပ်သာများအားလုံး အသုံးပြုနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ယခင်အသုံးပြုလျက်ရှိသည့်စနစ်အား အဆင့်မြှင့်တင်ခဲ့ပြီး (၁၄-၁-၂၀၂၂) ရက်နေ့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရုံးခွဲများမှ စနစ်အားအသုံးပြုမည့် ဝန်ထမ်းများအား သင်တန်းများပို့ချခြင်း၊(၂၀-၄-၂၀၂၂) ရက်နေ့မှ (၂၀-၅-၂၀၂၂) ရက်နေ့အထိ ဟိုတယ်နှင့်တည်းခိုရိပ်သာများမှ စနစ်အားအသုံးပြု၍ ဧည့်သည်စာရင်းဖြည့်သွင်းပေးပို့မည့် ဝန်ထမ်းများအား သင်တန်းပို့ချပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံးခွဲများမှတဆင့် မိမိတို့သက်ဆိုင်ရာဒေသရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာများကို စနစ်အသုံးပြုနည်းလမ်းညွှန်သင်တန်း ပြန်လည်သင်ကြားပို့ချပေးနိုင်ရေးအတွက် ရုံးခွဲများမှ ဝန်ထမ်း(၄၄)ဦး၊ သက်ဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်(၃၆)ဦး၊ စုစုပေါင်း(၈၀)ဦးကို (၂၀-၆-၂၀၂၂) ရက်နေ့မှ (၂၂-၆-၂၀၂၂) ရက်နေ့အထိ သင်တန်းပို့ချပေးခဲ့ပါသည်။ ဧည့်သည်စာရင်းစီမံခန့်ခွဲမှု (GLMS) စနစ်အား ဟိုတယ်တည်းခိုရိပ်သာများအသုံးပြုလျက်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက်အသုံးပြုမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ဧည့်သည်စာရင်းစီမံခန့်ခွဲမှုစနစ် အသုံးပြုမှု အခြေပြဇယား** ၃၁-၁၂-၂၀၂၂ ရက်နေ့

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | လိုင်စင်ရ ဟိုတယ်/ တည်းခို ရိပ်သာ ၃၁-၁၂-၂၀၂၂ အထိ | မှတ်ပုံတင် ထားသည့် ဟိုတယ် | မှတ်ပုံတင်ရန်ကျန် ရှိသည့် ဟိုတယ် |
|---|---|---|---|---|
| ၁ | နေပြည်တော် | ၉၉ | ၉၃ | ၅ |
| ၂ | ကချင်ပြည်နယ် | ၆၁ | ၅၄ | ၆ |
| ၃ | ကယားပြည်နယ် | ၃၃ | ၃၃ | - |
| ၄ | ကရင်ပြည်နယ် | ၅၆ | ၅၅ | - |
| ၅ | ချင်းပြည်နယ် | ၁၃ | ၁၃ | - |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၆၂ | ၅၆ | ၆ |
| ၇ | တနင်္သာရီတိုင်း ဒေသကြီး | ၅၆ | ၅၅ | ၁ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၉၈ | ၉၇ | - |
| ၉ | မကွေးတိုင်းဒေသကြီး | ၅၇ | ၅၃ | - |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၅၈၂ | ၃၉၃ | ၁၅၇ |
| ၁၁ | မွန်ပြည်နယ် | ၇၉ | ၇၁ | ၇ |
| ၁၂ | ရခိုင်ပြည်နယ် | ၁၀၂ | ၈၄ | ၁၈ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၄၈၄ | ၃၀၂ | ၁၄၂ |
| ၁၄ | ရှမ်းပြည်နယ် | ၄၂၈ | ၃၁၅ | ၁၀၃ |
| ၁၅ | ဧရာဝတီတိုင်း ဒေသကြီး | ၁၂၁ | ၉၆ | ၁၄ |
| | **စုစုပေါင်း** | **၂၃၃၁** | **၁၇၇၁** | **၄၅၉** |

## ဝန်ကြီးဌာန၏ e-Government ဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ

ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအား ခေတ်မီနည်းပညာရပ်များအသုံးချခြင်းဖြင့် တွင်ကျယ်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနရှိ e-Government ဌာနခွဲအနေဖြင့် ဝန်ထမ်းများအား နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်စွာ အသုံးချနိုင်စေရေးအတွက် Network-Attached Storage (NAS) တွင် Data များ Upload၊ Download နှင့် Sharing ပြုလုပ်ခြင်းသင်တန်းနှင့် Attendance Management System အသုံးပြုနည်းသင်တန်းတို့ကို ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဌာန၏ e-Government ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ

### ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုသင်တန်းများ

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပုဂံရုံးခွဲတွင် ဒေသဆိုင်ရာဧည့်လမ်းညွှန် (အခြေခံ) သင်တန်းကို သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၆၀) ဦးဖြင့် ဖွင့်လှစ်လျက်ရှိပါသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍတွင် ရုရှားခရီးသွားဈေးကွက် ပိုမိုရရှိရေးနှင့် ရုရှားခရီးသွားများအား ပိုမိုကောင်းမွန်သော ခရီးသွားဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် ရည်ရွယ်၍ ရုရှားဘာသာစကား(အခြေခံ)သင်တန်း အမှတ်စဉ်(၂)ကို ဖွင့်လှစ်ပို့ချလျက်ရှိရာတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့်ပူးပေါင်း၍ ရန်ကုန်မြို့၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(CTD)တွင် (၁၂-၁၂-၂၀၂၂)ရက်နေ့မှ (၃-၂-၂၀၂၃)ရက်နေ့အထိ၊ သင်တန်းသား(၅၀)ဦးဖြင့်လည်းကောင်း၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ပူးပေါင်း၍ မန္တလေးမြို့တွင် (၇-၁-၂၀၂၃)ရက်နေ့မှ (၂၁-၅-၂၀၂၃)ရက်နေ့အထိ သင်တန်းသား (၈၀)ဦး ဖြင့်လည်းကောင်း၊ ဖွင့်လှစ်လျက်ရှိပါသည်။

အလားတူ တရုတ်ဘာသာစကားသင်တန်းများကို မန္တလေးတိုင်းဒေသကြီး၊ မန္တလေးရုံးခွဲနှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းတို့ ပူးပေါင်း၍ တရုတ်ဘာသာစကား (အခြေခံ)သင်တန်းကို (၇-၁၀-၂၀၂၂) ရက်နေ့မှ (၂-၁၂-၂၀၂၂) ရက်နေ့အထိ သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၅၃) ဦးဖြင့်လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် တရုတ်နိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ နိုင်ငံတကာဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံရုံးတို့ ပူးပေါင်းစီစဉ်မှုဖြင့် "တရုတ်-မြန်မာခရီးသွားလာရေး လုပ်ငန်းလူရည်ချွန်များ ပြုစုပျိုးထောင်ရေးသင်တန်း" အား (၁၅-၁၁-၂၀၂၂) ရက်နေ့မှ စတင်၍ သင်တန်းသား (၅၈) ဦးအား Web Bored သင်ကြားမှုစနစ်ဖြင့် ဖွင့်လှစ်လျက်ရှိပါသည်။

### လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး (HSP) သင်တန်းများ

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းပုံရိပ်ကို မြှင့်တင်ပေးရန် ရည်ရွယ်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး "Enchanting Myanmar Health and Safety Protocol" သင်တန်းများကို (Outsourcing) ပုံစံဖြင့် ဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အစည်း၊ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အသင်းတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ဖွင့်လှစ်ပို့ချလျက်ရှိရာတွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ (၂) လအတွင်း သင်တန်း (၉) ကြိမ်၊ သင်တန်းသား (၂၃၅) ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

### Barrier Free Tourism သင်တန်းများ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် Barrier Free Tourism ဖော်ဆောင်မှုအဖြစ် ခရီးသွားလာရန် အခက်အခဲရှိသည့် မသန်စွမ်းသူများ၊ ထိခိုက်ဒဏ်ရာ ရရှိထားသူများ၊ ကိုယ်ဝန်ဆောင်များ၊ ကလေးငယ်များ ပါဝင်သည့် မိသားစုများနှင့် သက်ကြီးခရီးသွားများအတွက် လွယ်ကူချောမွေ့သော ခရီးသွားဝန်းကျင် အခြေအနေကောင်းများကို ဖန်တီးဖော်ဆောင်ပေးရန် ရည်ရွယ်၍ မသန်စွမ်းခရီးသွားများအတွက် အထောက်အကူပြု အခြေခံဝန်ဆောင်မှုသင်တန်းကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လမှ အောက်တိုဘာလအထိ (၃) လအတွင်း၊ နေပြည်တော်ကောင်စီတွင် သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၁၀၀) ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

| စဉ် | သင်တန်းအမျိုးအစား | စုစုပေါင်း | |
|---|---|---|---|
| | | ကြိမ်ရေ | ဦးရေ |
| ၁။ | ဒေသဆိုင်ရာဧည့်လမ်းညွှန်(အခြေခံ)သင်တန်း | ၁ | ၆၀ |
| ၂။ | ရုရှားဘာသာစကား (အခြေခံ) သင်တန်း | ၂ | ၁၃၀ |
| ၃။ | တရုတ်ဘာသာစကား (အခြေခံ) သင်တန်း | ၂ | ၁၁၁ |

| | | | |
|---|---|---|---|
| ၄။ | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်း (Outsourcing) | ၈ | ၂၃၅ |
| ၅။ | Barrier Free Tourism အထောက်အကူပြု သင်တန်း | ၁ | ၁၀၀ |
| **စုစုပေါင်း** | | **၁၅** | **၆၃၆** |

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း ဆန်းသစ်တီထွင်မှုနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ၏ စွန့်ဦးတီထွင်မှု၊ အလုပ်အကိုင်ဖန်တီးမှုများ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ “Seminar on MSMEs in Tourism Supply Chain” အသိပညာပေး ဆွေးနွေးပွဲကို ၂၅-၁၁-၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

**မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလုပ်ငန်းများ**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနစီမံကိန်း၏ ပြည်ဝင်ခရီးသွားလုပ်ငန်းစစ်တမ်း (Inbound Tourism Suvery) ကို နိုဝင်ဘာလတွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်းမြို့များတွင် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းသုတေသနစင်တာလက်စွဲစာအုပ် (Handbook) ကို ပြုစုခြင်း၊ စီမံကိန်းလုပ်ငန်းစဉ်များအား ကြီးကြပ်မှုကော်မတီ (Project Steering Committee) အဖွဲ့ဝင်များထံ တင်ပြခြင်း၊ ခရီးသွားလုပ်ငန်းသုတေသနစင်တာလက်စွဲစာအုပ် အသိပညာပေး သင်တန်းနှင့်ပြည်တွင်းခရီးသွားလုပ်ငန်း စစ်တမ်းကောက်ခြင်းဆိုင်ရာ သင်တန်းကို ခရီးသွားလုပ်ငန်း သုတေသနစင်တာရှိ ဝန်ထမ်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ရုံးခွဲများမှ ဝန်ထမ်းများအတွက် သင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။

ခရီးသွားလုပ်ငန်းသုတေသနဌာန လက်စွဲစာအုပ်ပါ သုတေသနနည်းလမ်းများအား ရှင်းလင်းပို့ချခြင်းသင်တန်းကို နေပြည်တော်၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့များတွင် ဖွင့်လှစ်ပို့ချခြင်း၊ ပြည်တွင်းခရီးသွား ရွေ့ပြောင်းလှုပ်ရှားမှုစစ်တမ်း(Domestics Tourism Pilot Survey)ကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၃) ခုရှိ မြို့ (၂၀) တွင် ခရီးသွားလုပ်ငန်းသုတေသနဌာနမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာ ရုံးခွဲများမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (ရန်ကုန်) နှင့် မန္တလာတက္ကသိုလ် (မန္တလေး) တို့မှ ကျောင်းသားများက သတ်မှတ် Sample Size အတိုင်း ကောက်ယူခြင်း၊ ပြည်ပထွက်ခွာခရီးသွား ရွေ့ပြောင်းလှုပ်ရှားမှုစစ်တမ်း (Outbound Tourism Pilot Survey) ဆောင်ရွက်နိုင်ရေး စီမံချက်ရေးဆွဲခြင်း၊ နှစ်ပတ်လည် သုတေသနအစီအစဉ် စစ်တမ်းပြက္ခဒိန် (Year Round Survey Calendar) ပြင်ဆင်ရေးသားဆောင်ရွက်လျက်ရှိပါသည်။

## ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ



**ခရီးသွားမြှင့်တင်ရေးဆိုင်ရာဆောင်ရွက်ချက်များ**

မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို မြှင့်တင်နိုင်ရန်အတွက် စာအုပ်စာစောင်များ၊ CD/DVD များ စီစဉ်ထုတ်ဝေပြီး ဖြန့်ဝေလျက်ရှိရာ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရုံးခွဲများ၊ Information Counterများ၊ ခရီးသွားမြှင့်တင်ရေးအတွက် ကျင်းပသည့် အစည်းအဝေး၊ ဆွေးနွေးပွဲများ၊ နိုင်ငံခြားသံရုံးများနှင့် နိုင်ငံတကာခရီးသွားပြပွဲ (၂၀၂၂) တို့သို့လက်ကမ်း စာအုပ်/စာစောင်နှင့်မြေပုံ (၃၂,၃၈၁) စောင်၊ CD, DVD (၉၂)ချပ်နှင့် Memory Stick (၂၁၉)ခုတို့ကို ဖြန့်ဝေပေးခဲ့ပါသည်။

**ပြည်ပခရီးသွားမြှင့်တင်ရေးဆိုင်ရာဆောင်ရွက်ချက်များ**

ကမ္ဘာလှည့်ခရီးသွားများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာစံနှုန်းများ (International Code for the Protection of Tourists) နှင့်စပ်လျဉ်း၍ အာရှ-ပစိဖိတ် ဒေသတွင်းဆွေးနွေးပွဲကို ၁၇-၁၁-၂၀၂၂ ရက်နေ့တွင် Video Conferencing စနစ်ဖြင့်ကျင်းပ။

World Travel and Tourism Council - WTTC မှ ဦးဆောင်ကျင်းပသည့် 2nd Global Tourism Summit 2022 အခမ်းအနားကို ၂၉-၁၁-၂၀၂၂ ရက်နေ့တွင် Video Conferencing စနစ်ဖြင့် ကျင်းပ။

7th UNWTO World Forum On Gastronomy Tourism ကို ၁၂-၁၂-၂၀၂၂ ရက်နေ့မှ ၁၅-၁၂-၂၀၂၂ ရက်နေ့ထိ ဂျပန်နိုင်ငံ၊ နာရာမြို့၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ အရာရှိကြီးများမှ Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်သည်။

**ပြည်တွင်းခရီးသွားမြှင့်တင်ရေးဆိုင်ရာဆောင်ရွက်ချက်များ**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာဆွေးနွေးပွဲကို ၂၄-၁၁-၂၀၂၂ ရက်နေ့တွင် ဝန်ကြီးဌာန၌ Hybrid စနစ်ဖြင့် ကျင်းပ။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ မူဝါဒများ၊ ဥပဒေများနှင့် ဆောင်ရွက်လျက်ရှိသည့် ခရီးသွားမြှင့်တင်ရေးအစီအစဉ်များကို ၆-၁၂-၂၀၂၂ ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၂/၂၀၂၂) အစည်းအဝေးတွင် ခရီးသွားမြှင့်တင်ရေးစာအုပ်စာစောင်များနှင့် Digital Marketing ဆောင်ရွက်ထားရှိမှုများအား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ပါရန် ခင်းကျင်းပြသခဲ့ပါသည်။

**မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအား Digital နည်းဖြင့် မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေ**

မြန်မာနိုင်ငံ၏ ခရီးသွားမြှင့်တင်ရေးကို အထောက်အကူဖြစ်စေရန်နှင့် ခရီးစဉ်ဒေသများကို ပြည်ပခရီးသွားများသာမက ပြည်တွင်းခရီးသွားဧည့်သည်များပါ ပိုမိုစိတ်ဝင်စားသိရှိလာနိုင်စေရန်အတွက် အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီသို့ တိုက်ရိုက်ရောက်ရှိ ကြော်ငြာနိုင်ရန်အတွက် E-mail Marketing ကိုအသုံးပြု၍ တစ်ပတ်လျှင် (၁) ခု နှုန်းဖြင့် ပုံမှန်ဖော်ပြပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ခရီးသွားဆိုင်ရာ သတင်းအချက်အလက်များ၊ မြန်မာနိုင်ငံ၏ ထင်ရှားလှပသော ခရီးစဉ်ဒေသများ၊ ရိုးရာဓလေ့ထုံးတမ်းများ၊ ရိုးရာအစားအသောက်များနှင့် နိုင်ငံတကာခရီးသွားသတင်းများကို ဝန်ကြီးဌာန၏ Viber Community ဖြစ်သော Myanmar Be Enchanted Channel တွင် တစ်နေ့လျှင် Post (၂)ခု နှုန်းဖြင့် နေ့စဉ်ဖော်ပြပေးလျက်ရှိပါသည်။ ခရီးစဉ်ဒေသနှင့်ခရီးသွားဆွဲဆောင်မှုဆိုင်ရာ 360˚ Video နှင့် 360˚ Photo များ၊ ဆောင်းပါးများကို အသုံးပြု၍ ဝန်ကြီးဌာနမှ လွှင့်တင်ထားသော Facebook, Instagram, Twitter, Pinterest, Linkedin, Viber, Youtube စသော Social Media Platform များတွင် Online Marketing ပြုလုပ်ခြင်း၊ Website နှင့် Web Portal တို့တွင် မြှင့်တင် Google Marketing ပြုလုပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

## နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး၏ ဌာနခွဲအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး

အတွက် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအထိ အာဆီယံနိုင်ငံများမှ ကျင်းပပြုလုပ်သော ဖိုရမ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများအား တက်ရောက်၍ ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်ခဲ့ပါသည်။

| စဉ် | အကြောင်းအရာ | ဖိုရမ်/အလုပ်ရုံဆွေးနွေးပွဲ/ အစည်းအဝေး တက်ရောက်မှု အကြိမ် အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁။ | အာဆီယံနိုင်ငံများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်း (ASEAN) | ၁ ကြိမ် | Virtual/ Hybrid |
| ၂။ | အာဆီယံနိုင်ငံများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်း (ASEAN) | ၂ ကြိမ် | Physical |
| ၃။ | အာဆီယံဗဟိုဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ၁ ကြိမ် | Virtual/ Hybrid |
| ၄။ | ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ (CLMV) နှင့် အက်ခ်မက် ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း | ၁ ကြိမ် | Physical |

## တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းဆိုင်ရာဆောင်ရွက်မှုမှတ်တမ်း

### ကချင်ပြည်နယ်

**ကချင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ (၁/၂၀၂၃) အစည်းအဝေးကျင်းပခြင်း**



ကချင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကို ကချင်ပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကချင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေ၊ ကချင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခိုင်ဦး တို့က ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး၊ မလိခအစည်းအဝေးခန်းမတွင် ၁၈-၁-၂၀၂၃ ရက်နေ့ မွန်းလွဲ ၃ နာရီ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ကချင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးကို ၂၀၂၂ ခုနှစ်တွင် (၄) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ပြည်တွင်း/ ပြည်ပခရီးသွားဧည့်သည်များ လာရောက်တည်းခိုနေထိုင်ကြမည့် ဟိုတယ်/ တည်းခိုရိပ်သာများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အဦများ သန့်ရှင်းသာယာလှပနေစေရေး၊ ဝန်ဆောင်မှုပေးမည့် လူ့စွမ်းအားအရင်းမြစ်များဖြစ်သည့် ဝန်ထမ်းများသည် အဆင့်အတန်းမီစွာ ဝန်ဆောင်မှုပေးနိုင်ရေး၊ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် Health and Safety Protocols (HSP)များ ဆောင်ရွက်ထားရှိခြင်း၊ တည်းခိုနေထိုင်မှုနှင့်စပ်လျဉ်း၍ ဘေးကင်းလုံခြုံမှုရှိစေရန် ခရီးသွားဧည့်သည်များ၏ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ မှတ်တမ်းတင်နိုင်ရန် ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ် Online Guest List Management System (GLMS)ဖြင့် နေ့စဉ်ဧည့်သည်စာရင်းများ ပေးပို့ဆောင်ရွက်လျက်ရှိခြင်း၊ လုံခြုံရေးအထောက်အကူပြု X-Ray Scanner များ၊ Walk Through Metal Detector များ၊ Handle Metal Detector များ၊ မှတ်တမ်းတင် CCTV စနစ်များနှင့် စနစ်တကျဆောင်ရွက်ကြရေး၊ သက်ဆိုင်ရာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများသည် မိမိတို့ ပေးဆောင်ရမည့် အခွန်အကောက်ပေးသွင်းငွေများကို အချိန်မှီ မပြတ်မနေပေးသွင်းကြရေးတို့ကို ဆွေးနွေးခဲ့ကြပြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အနေဖြင့် ဟိုတယ်/ တည်းခိုရိပ်သာလုပ်ငန်း၊ ခရီးသွားကုမ္ပဏီလုပ်ငန်းနှင့် ဧည့်လမ်းညွှန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ငန်းလိုင်စင်အသစ်များ၊ သက်တမ်းတိုးလျှောက်ထားခြင်းကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများအတိုင်း လုပ်ငန်းကြန့်ကြာမှု မရှိစေအောင် လွယ်ကူလျှင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြစ်ကြီးနားလေဆိပ်သို့ ၂၀၂၂ ခုနှစ်အတွင်း ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြည်တွင်းလေကြောင်းလိုင်းများဖြင့် လာရောက်ကြသည့် နိုင်ငံခြားသားဧည့်သည်နိုင်ငံအလိုက် ဝင်ရောက်မှုမှာ နိုင်ငံသား (၆၀) ဝင်ရောက်ခဲ့ပြီး ကျား ၁၃၁၁ ဦးနှင့် မ ၂၇၅ ဦး စုစုပေါင်း ၁၅၈၆ ဦး ဝင်ရောက်ခဲ့ပါကြောင်း၊ ခရီးစဉ်ဒေသအသစ်များ ဖော်ဆောင်ရာတွင်ဆောင်ရွက်မည့် ခရီးစဉ်ဒေသကို ဦးစားပေးရွေးချယ်သတ်မှတ်ခြင်းသာမကရှိပြီးသား ခရီးစဉ်များကို ဖော်ထုတ်ဆောင်ရွက်ရာမှာလည်း လက်ရှိခရီးစဉ်ဒေသများ၏ အားသာချက်၊ အားနည်းချက်များကို လေ့လာဆန်းစစ်ကာ စီမံချက်များဖြင့် ပြည့်စုံစွာတင်ပြပြီး သက်ဆိုင်ရာ ဆက်စပ်ဌာနများ၊ ဟိုတယ်နဲ့ခရီးသွားအသင်းအဖွဲ့များ ကဏ္ဍအသီးသီးမှ ပါဝင်ပတ်သက်သူများ၊ ခရီးသွားဧည့်သည်များ အပါအဝင် ဒေသခံပြည်သူအလွှာစုံအထိ အားလုံးပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

### စစ်ကိုင်းတိုင်းဒေသကြီး

**"မသန်စွမ်းခရီးသွားဧည့်သည်များအတွက် ဝန်ဆောင်မှုပေးနိုင်ရေးနှင့် အသိပညာပေးသင်တန်း" ဖွင့်လှစ်ပြီးစီး**

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာရုံးနှင့် စစ်ကိုင်းမြို့ရှိ ဟိုတယ်/ တည်းခိုရိပ်သာလုပ်ငန်းရှင်များ ပူးပေါင်း၍ မသန်စွမ်းခရီးသွားဧည့်သည်များအတွက် ဝန်ဆောင်မှုပေးနိုင်ရေးနှင့် အသိပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားအား (၁၂.၁.၂၀၂၃)ရက်နေ့ နေ့လယ် (၁:၀၀) တွင် စစ်ကိုင်းမြို့၊ ဟိုတယ်စစ်ကိုင်း သင်တန်းခန်းမ၌ ကျင်းပခဲ့ပါသည်။



ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (မုံရွာရုံး)မှ ဦးစီးအရာရှိ ဦးညဏ်ဇော်မင်းမှ (၁၂.၁.၂၀၂၃) ရက်နေ့တွင် "Barrier Free Tourism" ဆိုင်ရာ

ကိုလည်းကောင်း၊ ရွှေဘိုရုံးခွဲတာဝန်ခံ ဦးစီးအရာရှိ ဦးကြည်မြင့်မှ (၁၃.၁.၂၀၂၃) ရက်နေ့တွင် "လူကုန်ကူးမှုကာကွယ်တားဆီးရေး" ဘာသာရပ်များကို အသိပညာပေးဆွေးနွေးပို့ချခဲ့ပြီး စစ်ကိုင်းမြို့ပေါ်ရှိ ဟိုတယ်/တည်းခိုရိပ်သာ(၁၀)လုံးမှ သင်တန်းသားများ၊ မင်းကွန်းဒေသ၊ ကောင်းမှုတော်ဘုရားနှင့် ဆွမ်းဦးပုညရှင်ဂေါပကအဖွဲ့တို့မှ ဝန်ထမ်းသင်တန်းသားများ စုစုပေါင်း(၂၀)ဦး တက်ရောက်ခဲ့ပါသည်။

## မန္တလေးတိုင်းဒေသကြီး

### ပြင်ဦးလွင် ကျေးလက်ဒေသ စက်ဘီးစီး ခရီးစဉ် (၂၀၂၂) ကျင်းပခြင်း




ပြင်ဦးလွင်ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ် (၂၀၂၂)ကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့ တွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ (၂၅) ရက်နေ့ နံနက်(၈)နာရီတွင် ပြင်ဦးလွင်ဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနက ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဝဏ္ဏကျော်ထင် ဦးမောင်ကို၊ ပြင်ဦးလွင်စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးဗိုလ်ချုပ်ဇော်မင်းလတ်၊ စစ်တက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်သိန်းလွင်၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦး ၊ ပြင်ဦးလွင်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဆက်စပ်ဌာနဆိုင်ရာ များတက်ရောက်ခဲ့ကြပါသည်။

အခမ်းအနား စတင်တာလွှတ်ပွဲကို ပြင်ဦးလွင်ခရိုင် အားကစားကွင်းတွင် နံနက် (၈) နာရီတွင် စတင်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကိုယ်စား ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သေနတ်ပစ်ဖောက် တာလွှတ်ပေးခဲ့ပါသည်။

စက်ဘီးစီးသမားများသည် ပြင်ဦးလွင် ခရိုင်အားကစားကွင်းမှ ပွဲကောက်ရေတံခွန်၊ ပွဲကောက်ရေတံခွန်တွင် ခေတ္တ ခဏအနားယူပြီး ဆက်လက်ထွက်ခွာခဲ့ရာ ပွဲကောက်ရွာမှတဆင့် ဒီဇင်ဘာခြံသို့ နံနက်(၁၀)နာရီခွဲခန့်တွင် ပန်းဝင်ခဲ့ကြပါသည်။ ပန်းဝင်လာသော စက်ဘီးစီးသမားများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆို၍ အမှတ်တရလည်ဆွဲပြားများ ချိတ်ဆွဲပေးခဲ့ပါသည်။

အားကစားသမားများအား စက်ဘီးစီးလမ်းကြောင်းတလျှောက် အချိုရည်များ၊ ရေသန့်များ တိုက်ကျွေးခြင်း၊ ပန်းဝင်ချိန်တွင် နံနက်စာဖြင့် ကျွေးမွေးခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။ ပြင်ဦးလွင် ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ် (၂၀၂၂)သို့ ပြင်ဦးလွင်နှင့် မန္တလေးတို့မှ စက်ဘီးစီးဝါသနာရှင်များ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့တာဝန်ရှိသူများ ပူးပေါင်းပါဝင်စီးနင်းခဲ့ကြပြီး စုစုပေါင်းအင်အား (၃၅၀) ကျော် စီးနင်းခဲ့ကြပါသည်။

## တနင်္သာရီတိုင်းဒေသကြီး

### တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ကမ်းရိုးတန်း သယံဇာတများ ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာဟောပြောပွဲ အခမ်းအနား ကျင်းပပြုလုပ်




တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ကျွန်းစုပင်လယ်ပြင်အတွင်းရှိ ရေပေါ်ရေအောက် သဘာဝသယံဇာတများ၏ တန်ဖိုးရှိမှုအပေါ် ဒေသခံများမှ သိရှိနားလည်လာနိုင်ကြမှုနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်လာနိုင်ကြစေရန် ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှု၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး (ထားဝယ်မြို့)၏ စီစဉ်မှုတို့ဖြင့် “တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ကမ်းရိုးတန်း သယံဇာတများ ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနား”ကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့၊ နံနက်ပိုင်းတွင် မြိတ်မြို့ရှိ “ Hotel Grand Jade” ၌ ကျင်းပပြုလုပ်ခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို မှ တက်ရောက်၍ အဖွင့်မှာစကားပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး မြိတ်တက္ကသိုလ်၊ အဏ္ဏဝါသိပ္ပံဌာနမှူး ပါမောက္ခဒေါက်တာချယ်ရီအောင်မှ “ပင်လယ်ရေအောက်ရှိ သက်ရှိသက်မဲ့ သယံဇာတများ၏ သဘာဝနှင့်ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ သိရှိလိုက်နာဆောင်ရွက်သင့်သည့် အချက်များနှင့် ပတ်သက်၍လည်းကောင်း၊ ဒေသတွင်းအခြေစိုက် INGOs အဖွဲ့ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရိစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့ (Fauna & Flora International – FFI)မှ အဏ္ဏဝါသိပ္ပံပညာရှင် ဦးစိုးထွန်းမှ ပင်လယ်မြက်များ၏ သဘာဝနှင့်ပင်လယ်ကမ်းရိုးတန်း ဂေဟစနစ်များကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ သိရှိလိုက်နာဆောင်ရွက်သင့်သော အချက်များနှင့် ပတ်သက်၍လည်ကောင်း ဆွေးနွေးဟောပြောခဲ့ကြပြီး အသိပညာပေးဟောပြောပွဲအခမ်းအနားကို ခေတ္တရပ်နားခဲ့ပါသည်။

ထို့နောက် အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီးတာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးလွင်မှ မြိတ်ကျွန်းစုပင်လယ်ပြင်အတွင်း၌ ပုလဲထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအပါအဝင် ပင်လယ်ကမ်းရိုးတန်း ဂေဟစနစ်များအပေါ် ထိခိုက်မှုမရှိစေရေးအတွက် ဌာနမှ စိစစ်ကြပ်မတ် လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းဦးမှ မြိတ်ကျွန်းစု ပင်လယ်ပြင်အတွင်း၌ ရေလုပ်ငန်းနှင့် ဆက်နွယ်ပြီး လုပ်ကိုင်ဆောင်ရွက်သူများမှ ပင်လယ်ရေအောက်ရှိ

သက်ရှိသက်မဲ့ သယံဇာတများ ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ သိရှိလိုက်နာဆောင်ရွက်သင့်သော အချက်များ အပါအဝင်ဌာနမှ စိစစ်ကြပ်မတ်လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြပါသည်။

ဆက်လက်၍ အသိပညာပေးဟောပြောပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများမှ သိရှိလိုသည်များနှင့်ပတ်သက်ပြီး မေးမြန်းခဲ့ကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်များနှင့် ဌာနတာဝန်ခံများမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီးနောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို မှ အသိပညာပေးဟောပြောပွဲ အခမ်းအနားတွင် ပါဝင်ဆွေးနွေးပေးခဲ့ကြသည့် ဘာသာရပ်အလိုက်ပညာရှင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဟောပြောပွဲ အခမ်းအနားဖြစ်မြောက်အောင် ပံ့ပိုးဆောင်ရွက်ပေးခဲ့သည် “Hotel Grand Jade” ပိုင်ရှင်ဖြစ်သူတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများအား အသီးသီးချီးမြှင့်ပေးအပ်ခဲ့ပါသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကိုမှ နိဂုံးချုပ်အမှာစကားပြောကြားပြီးနောက် အသိပညာပေးဟောပြောပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့သည့် “တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ကမ်းရိုးတန်း သယံဇာတများ ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနား”သို့ တနင်္သာရီတိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် အပါအဝင် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဒေသတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များ၊ မြိတ်ခရိုင်ငါးလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ မြိတ်ကျွန်းစု ပင်လယ်ပြင်အတွင်း ပုလဲမွေးမြူထုတ်လုပ်ခြင်းဆောင်ရွက်နေကြသည့် ကုမ္ပဏီများမှကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသူဒေသခံကိုယ်စားလှယ်များ စုစုပေါင်းအင်အား (၁၄၀) ဦးကျော် တက်ရောက်ခဲ့ကြပါသည်။

## ကမ္ဘာလှည့်ခရီးသွားများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့် စပ်လျဉ်းသော အာရှ-ပစိဖိတ်ဒေသတွင်းဆွေးနွေးပွဲကျင်းပ




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်နှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၇ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော ကမ္ဘာလှည့်ခရီးသွားများအား ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့် စပ်လျဉ်းသည့် အာရှ-ပစိဖိတ် ဒေသတွင်းဆွေးနွေးပွဲသို့ အွန်လိုင်းမှ တက်ရောက်သည်။

အဆိုပါဆွေးနွေးပွဲကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် အဖွဲ့ဝင်နိုင်ငံများကို ခရီးသွားလုပ်ငန်းများပြန်လည်စတင်ရာတွင် အထောက်အပံ့ပေးနိုင်ရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါကဲ့သို့သော အရေးပေါ်အခြေအနေတွင် ခရီးသွားဧည့်သည်များ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် နိုင်ငံတကာစံနှုန်း၊ ဥပဒေမူဘောင်များ ပြန်လည်ချမှတ်နိုင်ရန်ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ဆွေးနွေးပွဲ အစီအစဉ်ကို ကမ္ဘာလှည့်ခရီးသွားများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာ စံနှုန်းများ၊ ယင်းစံနှုန်းများအပေါ် သုံးသပ်ဆွေးနွေးခြင်းနှင့် နိုင်ငံတကာစံနှုန်းများကို လိုက်နာကျင့်သုံးခြင်း အစရှိသည့် ခေါင်းစဉ်များဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အာရှနှင့် ဥရောပဒေသဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်သူ မစ္စတာဟောလ်ဂွတ်ဟွမ်း၊ ဥပဒေရေးရာကောင်စီမှ မစ္စအယ်လ်စီယာ ဂိုမက်ဇ်၊ ကမ္ဘာလှည့်ခရီးသွားများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာစံနှုန်းများကော်မတီမှ အဖွဲ့ဝင်ကျွမ်းကျင်ပညာရှင်များနှင့် အကြီးတန်းဥပဒေရေးရာကျွမ်းကျင်ပညာရှင် မစ္စအမ်မလီစတီမာတို့က အသီးသီးဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ပြည်တွင်း/ ပြည်ပခရီးသွားများကို ကောင်းမွန်သောဝန်ဆောင်မှုများ ပေးအပ်ရန်နှင့် စိတ်ကျေနပ်မှုရရှိစေရန်အတွက် လိုအပ်သော မူဝါဒများ၊ ဥပဒေများနှင့် မူဘောင်များ ချမှတ်ထားပါကြောင်း၊ ခရီးသွားဧည့်သည်များ စိတ်ချလုံခြုံစွာ ခရီးသွားနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသော ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ အလွန်ကာလတွင် ခရီးသွားဧည့်သည်များ၏ ယုံကြည်စိတ်ချမှု ပြန်လည်ရရှိရန်နှင့် ခရီးသွားလုပ်ငန်းပြန်လည် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ဦးဆောင်ရေးဆွဲလျက်ရှိသော ကမ္ဘာလှည့်ခရီးသွားများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာစံနှုန်းများသည် ခရီးသွားဧည့်သည်များကို ပိုမို၍အကာအကွယ်ပေးနိုင်မည်ဖြစ်သဖြင့် ခရီးသွားများ၏ ယုံကြည်မှုများကို ပိုမိုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါ နိုင်ငံတကာစံနှုန်းများကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများက ပိုမိုလက်ခံကျင့်သုံးလာကြမည်ဟု ယုံကြည်ပါကြောင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်) Source From: Kyemon

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအား လွှင့်တင်ထားရှိသော Social Media Links များ

www.tourism.gov.mm, www.toursminmyanmar.com.mm

Facebook
https://www.facebook.com/tourisminmyanmar.com.mm/
https://www.facebook.com/visitmyanmar.mm

Youtube
https://www.youtube.com/channel/UCYYysRno81dDb7Tyhxz3OEQ

Instagram
https://www.instagram.com/tourisminmyanmar.com.mm/

Twitter
https://twitter.com/VisitMyanmar_MM

Pinterest
https://www.pinterest.com/tourisminmyanmar/